# ကရင်နီပြည်နယ်

# အထူးစုံစမ်းရေးကော်မီရှင်၏

# အစီရင်ခံစာ

ရန်ကုန်မြို့၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ [illegible] ရေးနှင့်စာရေး ရုံးကိရိယာဌာန၊
၁၉၅၅

# မာတိကာ။


စာမျက်နှာ

၁။ နိဒါန်း—

(က) နောက်ခံရာဇဝင်အခြေအနေ ... ... ၁

(ခ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၈၀(၁) နှင့်စပ်လျဉ်း၍ကရင်နီ အမျိုးသားများ၏ နိုင်ငံရေးအခြေအနေအကြောင်းရင်းများ ... ၂

(ဂ) ကရင်နီပြည်နယ် အထူးစုံစမ်းရေး ကော်မီရှင်၏ အစည်းအဝေးမှတ်တမ်းများ ... ... ... ၃

၂။ ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့၌ ကျင်းပသော တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) တွင် အတည်ပြုပြီးဖြစ်သော ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင်၏အစီရင်ခံစာ ... ... ၁၅

၃။ နောက်ဆက်တွဲ (က) မေးခွန်းပုံစံ ... ... ... ၂၉

နောက်ဆက်တွဲ (ခ) စုံစမ်းစစ်ဆေးချက်များ ... ... ၃၃

# ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင်၏အစီရင်ခံစာ။

## နိဒါန်း။

### နောက်ခံရာဇဝင်အခြေအနေ။

ကရင်နီပြည်သည်၊ ရှေးပဝေဏီကာလကပင်လျှင် ကိုယ်ပိုင်အုပ်ချုပ်သောသီးခြား ပြည်နယ်ဖြစ်သည်။ ကရင်နီမင်းများသည်၊ မြန်မာမင်းများနှင့် မဟာမိတ်ဖြစ်သည့် အလျောက်၊ စစ်ချီစစ်တက်ရာများတွင် အတူတကွပါဝင် ဆင်နွှဲခဲ့ကြသည်ကို ရှေးဟောင်း မှတ်တမ်းများနှင့်ရာဇဝင်အထောက်အထားများအရထင်ရှားစွာသိရသည်။ဗြိတိသျှလူမျိုး တို့မြန်မာပြည်ကို အုပ်ချုပ်သည့်အခါတွင် မြန်မာဘုရင့်ကိုယ်စား ကင်းဝန်မင်းကြီးနှင့် ဗြိတိသျှအစိုးရကိုယ်စား မစ္စတာ တီ၊ ဒီ၊ ဖေါ့ဆသ် တို့သည်၊ ကရင်နီပြည်ကို သီးခြား လွတ်လပ်ရေးပေးရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြသည်။ ထိုကြောင့် ကရင်နီပြည်သည် ရှေးမြန်မာမင်းများနှင့် အင်္ဂလိပ်မင်းတို့၏လက်ထက်မှစ၍၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး သည့်အချိန်တိုင်အောင် ကရင်နီစောဖျာများကိုယ်တိုင် အုပ်စိုး၍ အေးချမ်းသာယာ လွတ်လပ်စွာတည်ရှိခဲ့သောပြည်နယ်ဖြစ်ခဲ့ပေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက်ပိုင်းတွင်မူ၊ ကရင်နီပြည်၏ အခြေအနေ သည် တမျိုးတဖုံပြောင်းလဲလာခဲ့ပေသည်။ အင်္ဂလိပ်နှင့်၎င်းတို့၏ညဇာခံကရင်လူမျိုးအ ရာရှိများသည် လွယ်ကော်မြို့သို့လာရောက်၍ကရင်နီပြည်အုပ်ချုပ်ရေးကိုလက်ဝါးကြီးအုပ် ချယ်လှယ်ကာ၊ ကရင်နီတိုင်းရင်းသားများအား ဖိနှိပ်ချုပ်ချယ်ကြသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံ၌နိုင်ငံရေးအပြောင်းအလဲဆုံးလှုပ်ရှားထကြွနေချိန်ဖြစ်ရာ၊ကရင်နီခေါင်းဆောင်လူ ကြီးများသည်၊ရှေးဟောင်းမဟာမိတ်ဖြစ်ခဲ့သော မြန်မာများနှင့်ပူးပေါင်း၍ ကရင်နီပြည်၏ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရန် အထူးစိတ်အားထက်သန်သည့် အလျောက် ၁၉၄၆ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၅ ရက်နေ့တွင်ဘောလခဲမြောက်ပိုင်း၊ မာလာမြို့၊တရားနာ သူကြီးဦးဘိ၏နေအိမ်၌ အစည်းအဝေးကျင်းပ၍၊ ကရင်နီပြည်ကိုမြန်မာပြည်နှင့်ပူးပေါင်း ရန် အားလုံးသဘောတူဆုံးဖြတ်ကြသည်။ ၁၉၄၆ ခုနှစ်၊မတ်လတွင်မြန်မာပြည် ဖ၊ဆ၊ ပ၊လ၊ အဖွဲ့ချုပ်မှသခင်နု (ယခုနိုင်ငံတော်ဝန်ကြီးချုပ်ဦးနု)၊ မန်းဘခိုင် (ကွယ်လွန်သူ ကာကွယ်ရေးဝန်ကြီး) နှင့် ဦးဖေခင် (ယခုသံအမတ်ကြီး) တို့သည်၊ လွယ်ကော်မြို့သို့ ရောက်ရှိလာကြပြီး၊ ပဌမ ဦးဆုံးနိုင်ငံရေးတရားဟောကြားရာ၊ ကရင်နီအမျိုးသားတို့၏ နိုင်ငံရေးစိတ်ဓါတ်မှာပိုမိုပြင်းထန်လာခဲ့သည်။

၁၉၄၆ ခု၊ ဧပြီလ ၂၀ ရက်နေ့တွင် ဦးစိန် (ကရင်နီ) (ယခုကယားပြည်နယ် ဝန်ကြီးဌာနပါလီမန်အတွင်းဝန်မဟာသရေစည်သူ ဦးစိန်) ခေါင်းဆောင်သောကရင်နီ- မြန်မာချစ်ကြည်ရေး မိတ်ဆက်အဖွဲ့သည်၊ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး၊ ဗိုလ်ချုပ် ဦးအောင်ဆန်းခေါင်းဆောင်သော မြန်မာပြည်မှ ခေါင်းဆောင်လူကြီးများနှင့် တွေ့ဆုံ ဆွေးနွေးကာ၊ ကရင်နီ-မြန်မာချစ်ကြည်ရေးနှင့်မြန်မာနိုင်ငံနှင့်ကရင်နီပြည်ပူးပေါင်းရေး တို့ကိုအောင်မြင်စွာဆောင်ရွက်ခဲ့လေသည်။

ထိုအချိန်အခါက၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ နှင့်ပတ်သက်၍၊ကရင်နီခေါင်းဆောင်ကြီးများသည်၊ လုံးဝမသိရှိခဲ့ကြဘဲ၊လွတ်လပ်သော

ကရင်နီပြည်နှင့်မြန်မာပြည်ပူးပေါင်းရေးကိုသာ အဓိကထား၍ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့်လည်း မြန်မာပြည်နှင့်ပူးပေါင်းပြီးသည့်အခါ၊ ကရင်နီပြည်သည်၊ ရှေးအခါကကဲ့သို့ပင် သီးခြားလွတ်လပ်စွာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိမည်ဟု ကရင်နီခေါင်းဆောင်ကြီးများ၏စိတ်တွင်တထစ်ချယုံကြည်လျက်ရှိကြသည်။

## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၈၀ (၁) နှင့် စပ်လျဉ်း၍ကရင်နီအမျိုးသား၏ နိုင်ငံရေးအခြေအနေ အကြောင်းရင်းများ။

၁၉၄၇ ခုနှစ်၊ဇွန်လတွင်ကျင်းပသော တိုင်းပြုပြည်ပြု လွှတ်တော်ပဏာမ ညီလာခံ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေတင်သွင်းသည့် အခါ၊ ပုဒ်မ ၁၈၀ (၁) အရ၊ ကရင်နီပြည်ကိုအသစ်ဖွဲ့စည်းမည့် ကရင်ပြည်နယ်တွင်းသို့ ထည့်သွင်းရန်စီစဉ်ထားကြောင်းကို၊ ကရင်နီခေါင်းဆောင်တဦးဖြစ်သူ သိုင်းဘဟန်မှတဆင့် အခြားကရင်နီခေါင်းဆောင်များသိရှိကြရသောအခါ၊ မိမိတို့မမျှော်လင့်သော ကိစ္စဖြစ်၍ အထူးဝမ်းနည်းအံ့သြကာ လူထုအစည်းအဝေးများ ကျင်းပပြီး၊ ထိုပုဒ်မ ၁၈၀ ကိစ္စကို အပြင်းအထန် ဆန္ဒပြကန့်ကွက်ကြလေသည်။ ထို့မျှမက၊ စဝ်ဝဏ္ဏ၊ ဦးစိန်၊ ဦးအေးမြလေး၊ စဝ်လဝီ၊ စဝ်ငယ်ဘူး စသောကရင်နီခေါင်းဆောင်ကြီးများသည်၊ ရန်ကုန်မြို့သို့လာရောက်၍၊ မြန်မာပြည်ခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံကာ အရေးဆိုကြသည်။ ကရင်နီခေါင်းဆောင်ကြီးများ၏အကြောင်းပြချက်မှာဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲစဉ်ကမိမိတို့မပါဝင်သဖြင့် ဤကိစ္စကိုမသိရပါ။ တိုင်းပြုပြည်ပြုလွှတ်တော် ပဏာမ ညီလာခံသို့ တက်ရောက်ရန်၊ လွယ်ကော်မြို့ရှိ အင်္ဂလိပ်နှင့်အင်္ဂလိပ်ပြဲစားခံကရင်အရာရှိများက ရွေးချယ်စေလွှတ်လိုက်သော ဦးဘီနှင့်စောသိန်းတို့သည်လည်း၊ ၎င်းညီလာခံသို့တက်ရောက်ခြင်းမရှိပါ။ ထို့ကြောင့်မိမိတို့ ကရင်နီအမျိုးသားများအတွက် သေရေးရှင်ရေးတမျှ အရေးကြီးလှသော ဤပုဒ်မ ၁၈၀ ကိစ္စတွင် ဥပဒေရေးဆွဲစဉ်ကရော၊ ဥပဒေတင်သွင်းသည့်အခါတွင်ရော၊ ကရင်နီကိုယ်စားလှယ်တဦးတယောက်မျှမပါရှိပါ။ ၎င်းပြင်ကရင်နီအမျိုးသားလူထုတရပ်လုံးကလည်း ဤကိစ္စကိုအထူးမလိုလားပါသဖြင့်၊ ပုဒ်မ ၁၈၀ ကို ပယ်ဖျက်ပေးပါရန် အထူးကန့်ကွက်၍ ပြောဆိုကြသည်။ ထိုအခါ မြန်မာပြည်ခေါင်းဆောင်ကြီးများက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အချိန်မှီပြီးစီးအောင်ရေးဆွဲခဲ့ရပါသည်။ ပုဒ်မ ၁၈၀ ကိစ္စမှာလည်း ကရင်နီအမျိုးသားများ၏ ဆန္ဒအရသာလျှင်၊ ကရင်ပြည်နယ်နှင့် ပူးပေါင်းရမည်ဖြစ်၍၊ နောင်အခါ စုံစမ်းရေးကော်မီရှင်များဖွဲ့ပြီး ပြင်ဆင်နိုင်ပါသည်။ ယခုအချိန်မှာမူ မြန်မာပြည်လွတ်လပ်ရေးရရန် လပိုင်း၊ ရက်ပိုင်းမျှသာ လိုတော့သဖြင့်၊ ဤကိစ္စကိုဆိုင်းငံ့ထားရန် ပြောကြားကြသည်။ ထို့ကြောင့် ကရင်နီခေါင်းဆောင်များသည်မြန်မာပြည်လွတ်လပ်ရေးရရှိမှုကိုရှေ့ရှုကာ၊ ဤကိစ္စကို ဆိုင်းငံ့ထားရသည်။ မြန်မာပြည်လွတ်လပ်ရေးရရှိပြီးသည့်နောက်ပိုင်းတွင်လည်း ပြည်တွင်းဆူပူ သောင်းကျန်းမှုများကြောင့် ဤကိစ္စကိုဆက်လက် ဆောင်ရွက်ရန် အခွင့်မသာခဲ့ပေ။ ၁၉၄၈ ခုနှစ်၊ မြန်မာပြည်လွတ်လပ်ရေးရရှိပြီးသည့် နောက်ပိုင်းတွင် ကေ၊ အင်၊ ဒီ၊ အို၊ အမည်ခံ ကရင်သောင်းကျန်းသူများသည်၊ မြန်မာပြည်နှင့်တကွ ကရင်နီပြည်နယ်တွင်ပုန်ကန်သောင်းကျန်းကြရာ၊ ကရင်နီတိုင်းရင်းသားများမှာ အထူးပင် သတ်ဖြတ်ညှဉ်းဆဲခြင်း ခံရပေသည်။ ကရင်နီတိုင်းရင်းသားများ၏ငွေပင်ငွေရင်းဖြင့် တည်ထောင်ထားသော ကရင်နီသမဝါယမ အသင်းမှပစ္စည်းများကိုလည်း လုယူကြရာ၊ ကရင်နီတိုင်းရင်းသားတို့မှာ အသက်စည်းစိမ်

အိုးအိမ်ဥစ္စာရတနာများပါ များစွာဆုံးရှုံး နစ်နာသည့်အတွက်၊ ကရင်သူပုန်များအပေါ် တွင်အလွန်တရာ စက်ဆုပ်မုန်းတီးကြပေသည်။ ထိုကြောင့် ပုဒ်မ ၁၈၀ ကိစ္စကို အချိန်ရသည့်အခါတိုင်း လူထုအစည်းအဝေးများ၌ကျင်းပကာ၊ အရေးဆိုခဲ့ကြသည်။ ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့၌ကျင်းပသော ကရင်နီပြည်နယ်ကောင်စီဒုတိယ ညီလာခံတွင် ကရင်နီပြည်နယ်အမတ်ဦးစိန်သည် လူထု၏ဆန္ဒကို လေးစားသောအားဖြင့် ''ကရင်နီပြည်''ကို''ကယားပြည်နယ်'' ဟူသောအမည်သို့ပြောင်းလဲရန်အဆိုတင်သွင်းခဲ့သည်။ ထို့မှတဖန် ၁၉၅၀ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၉ ရက်နေ့၌ ကျင်းပသော တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) တွင် တင်သွင်းခဲ့ပြန်သဖြင့်၊ ဤကရင်နီအထူးစုံစမ်းရေးကော်မီရှင်အဖွဲ့ ဖွဲ့စည်းကာလုပ်ငန်းများကိုဆောင်ရွက်ရခြင်းဖြစ်ပေသည်။

## ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင်၏ အစည်းအဝေးမှတ်တမ်းများ။

### ၁၉၅၀ ပြည့်နှစ်၊ မတ်လ ၁၇ ရက်၊သောကြာနေ့ နေ့လည် ၂ နာရီအချိန်တွင် ရှမ်းပြည်နယ်ဝန်ကြီး ရုံးခန်း၌ကျင်းပသော ကရင်နီပြည်နယ် အထူးစုံစမ်းရေး ကော်မီရှင် ပဌမအကြိမ် အစည်းအဝေး မှတ်တမ်း။

အစည်းအဝေးသို့ အောက်ပါလူကြီးမင်းများတက်ရောက်ကြသည်။

(၁) စဝ်ခွန်ချို၊ ရှမ်းပြည်နယ်နှင့် နိုင်ငံခြားရေးဌာနဝန်ကြီး (သဘာပတိ)။
(၂) ဒူးဝါးဇော်လွန်း၊ကချင်ပြည်နယ် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနဝန်ကြီး။
(၃) သတိုးမဟာသရေစည်သူ ဦးချန်ထွန်း၊ နိုင်ငံတော်ရှေ့နေချုပ်။
(၄) ဦးတင် (မြန်အောင်)၊ ကျန်းမာရေးဌာနဝန်ကြီး။
(၅) မဟာသရေစည်သူ ဦးစိန်၊ ကရင်နီပြည်နယ်ဝန်ကြီး၏ပါလီမန်အတွင်းဝန်။
(၆) ဦးမြင့်ထူး၊ ပြည်နယ်များဆိုင်ရာ ဥပဒေအကြံပေးအရာရှိ။
(၇) ဦးဖိုးလတ်၊ ကရင်နီပြည်နယ်ဝန်ကြီးဌာနအတွင်းဝန် (အတွင်းရေးမှူး)။

၁။ အထူးစုံစမ်းရေးကော်မီရှင် မေးခွန်း အကြမ်းကို အတွင်းရေးမှူးက တင်ပြရာ၊ မေးခွန်း (၁) တွင် အောက်ပါအတိုင်း ဖြည့်စွက် ထည့်သွင်းရန်၊ နိုင်ငံတော်ရှေ့နေချုပ် ဦးချန်ထွန်း က အဆိုတင်သွင်းသည်ကို အများသဘောတူလက်ခံကြသည်။

(ကရင်နီပြည်နယ်သား ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်သား ဖြစ်၍၊ ကရင်နီပြည်နယ်၌ မွေးဖွါးသူကိုသော်၎င်း၊ သာမန်အားဖြင့် အခြေစိုက်နေထိုင်သူကိုသော်၎င်း ဆိုလိုသည်။)

မေးခွန်း (၂) တွင်လည်း၊ နိုင်ငံတော် ရှေ့နေချုပ် ဦးချန်ထွန်းက အဆို တင်သွင်း၍၊ ကျန်းမာရေးဌာနဝန်ကြီး (မြန်အောင်) ဦးတင် က ဖြည့်စွက် ထောက်ခံသည့် အတိုင်း အောက်ပါအပိုဒ်ကိုထည့်သွင်းရန် အများသဘောတူဆုံးဖြတ်ကြသည်။

(မျိုးနွယ်စုဆိုသည်မှာ၊ ကရင်နီ၊ ယင်းတလဲ၊ ဗရဲ၊ မနုမနော၊ ယင်းဗေါ်၊ ဂယ်ကိုး၊ ဂယ်ပါး၊ ပကူး၊ မြန်မာ၊ မွန်၊ ရှမ်း၊ ယွန်း၊ တရုပ်၊ ကုလား၊ ဂေါ်ရခါး စသည် တို့ကို ဆိုလိုသည်။)

မေးခွန်း (၃) (က) နှင့် (ခ) တို့ကိုလည်း၊ အောက်ပါအတိုင်း ပြင်ဆင်ရန် အများ သဘောတူဆုံးဖြတ်ကြသည်။

(က) ဤသို့ခေါ်တွင်စေလိုလျှင်၊အဘယ်ကြောင့် ခေါ်တွင်စေလိုကြောင်းကို ဖော်ပြနိုင်က ဖော်ပြပါ။

(ခ) ဤသို့မခေါ်တွင်စေလိုလျှင်၊အဘယ်ကြောင့် မခေါ်တွင်စေလိုကြောင်း ကို ဖော်ပြနိုင်က ဖော်ပြပါ။

မေးခွန်း (၄) (က) နှင့် (ခ) တို့ကိုလည်း၊အောက်ပါအတိုင်းပြင်ဆင်ရန် အများ သဘောတူဆုံးဖြတ်ကြသည်။

(က) ထည့်သွင်းပါဝင်စေလိုလျှင်၊အဘယ်ကြောင့် ထည့်သွင်း ပါဝင်စေလို ကြောင်း ဖော်ပြနိုင်က ဖော်ပြပါ။

(ခ) မထည့်သွင်း မပါဝင်စေလိုလျှင်၊အဘယ်ကြောင့် မထည့်သွင်း မပါဝင် စေလိုကြောင်း ဖော်ပြနိုင်က ဖော်ပြပါ။

၂။ အထူးစုံစမ်းရေး ကော်မီရှင်၏ မေးခွန်းများကို စာရွက်ရေ နှစ်သောင်းတိတိ ရိုက်နှိပ်ရန်ဆုံးဖြတ်ကြသည်။

၃။ မေးခွန်းအဖြေများကို မေလ ၂ ရက်နေ့တွင် နောက်ဆုံးထား၍ လက်ခံရန်ဆုံး ဖြတ်ကြသည်။

၄။ အစစ်ခံမည့်သူများစာရင်းကို၊ ဧပြီလ ၁၉ ရက်နေ့ထက် နောက်မကျစေဘဲ၊ ကရင်နီပြည်နယ်အရေးပိုင်မင်းက အဆင့်သင့်ထားရန်ဆုံးဖြတ်ကြသည်။

၅။ အထူးစုံစမ်းရေးကော်မီရှင်သည်၊ဧပြီလ ၂၁ ရက်နေ့တွင်၊ လွယ်ကော်သို့သွား ရောက်၍၊အစစ်ခံမည့်သူများကို စစ်ဆေးပြီးလျှင်၊ ဧပြီလ ၂၂ ရက်နေ့တွင်၊ ရန်ကုန်မြို့သို့ ပြန်လာရန်ဆုံးဖြတ်ကြသည်။

၆။ အတွင်းရေးမှူးက ကော်မီရှင်အတွက် ကုန်ကျမည့်ခန့်မှန်းခြေစာရင်းကို တင်ပြ ရာ၊အောက်ပါအချက်များတို့ကို အတည်ပြုရန် ဆုံးဖြတ်ကြသည်။

(က) စစ်ဆေးရမည့်သက်သေအရေအတွက်ကို ၁၀၀ သို့ တိုးမြှင့်၍၊ကုန်ကျ မည့်စရိတ်ကို တယောက်လျှင် ၅ ကျပ်၊ ရာထားရန်။

(ခ) ကော်မီရှင်အဖွဲ့ဝင်များနှင့် အဖွဲ့ဝင် ဝန်ကြီးတို့၏ ကိုယ်ရံတော်များနှင့် အမှုထမ်းများ၏ နေ့တွက်စရိတ်ကို ၁၀ ရက်အတွက် ရာထားရန်။

(ဂ) အခြားခန့်မှန်းခြေများကိုတင်ပြသည့်အတိုင်း သဘောတူကြသည်။ သို့ ရာတွင် စုစုပေါင်း ခန့်မှန်းခြေကို ရာထားပြီး အတိုင်း ငွေတသောင်း ထက် မပိုရန် ဆုံးဖြတ်ကြသည်။

အတည်ပြုသည်။

စဝ်ခွန်ချို၊
သဘာပတိ။

ဖိုးလတ်၊
အတွင်းရေးမှူး။

၁၉၅၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်၊ ကြာသပတေးနေ့ နေ့လည် ၂ နာရီခွဲအချိန်တွင်၊ ရှမ်းပြည်နယ်ဝန်ကြီး ရုံးခန်း၌ကျင်းပသော ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင် ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း။

အစည်းအဝေးသို့အောက်ပါလူကြီးမင်းများတက်ရောက်ကြသည်။

(၁) စဝ်ခွန်ချို၊ ရှမ်းပြည်နယ်နှင့် နိုင်ငံခြားရေးဌာနဝန်ကြီး (သဘာပတိ)။
(၂) ကပ္ပတိန် မန်းတုံးနုံး၊ ချင်းရေးရာဌာန ပါလီမန်အတွင်းဝန်။
(၃) သတိုးမဟာသရေစည်သူ ဦးချန်ထွန်း၊ နိုင်ငံတော်ရှေ့နေချုပ်။
(၄) ဦးတင် (မြန်အောင်)။ ကျန်းမာရေးဌာနဝန်ကြီး။
(၅) မဟာသရေစည်သူ ဦးစိန်၊ ကရင်နီပြည်နယ်ဝန်ကြီး၏ပါလီမန်အတွင်းဝန်။
(၆) ဦးမြင့်ထူး၊ ပြည်နယ်များဆိုင်ရာ ဥပဒေအကြံပေးအရာရှိ။
(၇) ဦးဖိုးလတ်၊ကရင်နီပြည်နယ်ဝန်ကြီးဌာနအတွင်းဝန် (အတွင်းရေးမှူး)။

၁။ ၁၉၅၀ ပြည့်နှစ်၊မတ်လ ၁၇ ရက်နေ့၌ကျင်းပသောအစည်းအဝေးမှတ်တမ်းကို ဖတ်ပြအတည်ပြုသည်။

၂။ ကရင်နီပြည်နယ်၏ အခြေအနေအရ လောလောဆယ် လမ်းပန်းအဆက်အသွယ်မကောင်းမွန်သေးသည်က တကြောင်း၊ မိုးတွင်းကျရောက်လာသော အခါ၌အသွားအလာခဲယဉ်းမည်က တကြောင်း၊ ဤအကြောင်းများကြောင့် အထူးစုံစမ်းရေးကော်မီရှင်၏ လုပ်ငန်းများကို ၁၉၅၀ ပြည့်နှစ်၊ဒီဇင်ဘာလကုန်အထိ ရွှေ့ဆိုင်းရန် အားလုံးသဘောတူဆုံးဖြတ်ကြသည်။

အတည်ပြုသည်။

စဝ်ခွန်ချို—၂၇-၄-၅၀။
သဘာပတိ။

ဖိုးလတ်—၂၇-၄-၅၀။
အတွင်းရေးမှူး။

ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင် အစည်းအဝေးမှတ်တမ်း။

ကရင်နီပြည်နယ် အထူး ကော်မီရှင်၏ အစည်းအဝေးကို၊ ၁၉၅၀ ခု၊ နိုဝင်ဘာလ ၂၃ ရက်နေ့ ညနေ ၂ နာရီခွဲအချိန်တွင်၊ ရှမ်းပြည်နယ်ဝန်ကြီးရုံးခန်း၌ကျင်းပရာ၊အောက်ပါလူကြီးများကြွရောက်ကြပါသည်။

(၁) စဝ်ခွန်ချို၊ ရှမ်းပြည်နယ်နှင့် နိုင်ငံခြားရေးဌာနဝန်ကြီး (သဘာပတိ)။
(၂) မဟာသရေစည်သူ ဦးစိန်၊ ကရင်နီပြည်နယ်ဝန်ကြီး၏ပါလီမန်အတွင်းဝန်။
(၃) မဟာသရေစည်သူ ကပ္ပတိန် မန်းတိုးနိုး၊ ချင်းရေးရာ ဝန်ကြီး၏ ပါလီမန် အတွင်းဝန်။
(၄) ဦးမြင့်ထူး၊ ပြည်နယ်များဆိုင်ရာ ဥပဒေအကြံပေးအရာရှိ။
(၅) ဒူးဝါးဇော်လွန်း၊ ကချင်ပြည်နယ် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနဝန်ကြီး။
(၆) ဦးဖိုးလတ်၊ ကရင်နီပြည်နယ် ဝန်ကြီးဌာန အတွင်းဝန် (အတွင်းရေးမှူး)။

ကော်မီရှင်လူကြီး ၁၀ ဦးအနက် ၆ဦးသာတက်ရောက်ရာ၊ကိုယ်ရုံမပြည့်သဖြင့် အစည်းအဝေးအထမမြောက်ပါ။သို့သော် ဆွေးနွေးတိုင်ပင်သည့်သဘောဖြင့်သာ အောက်ပါအတိုင်းသဘောတူညီကြသည်။

၁။ ကရင်နီပြည်နယ် အထူးစုံစမ်းရေး ကော်မီရှင်သည်၊ လွယ်ကော်မြို့သို့ ဒီဇင်ဘာလ ၁၁ ရက်၊တနင်္လာနေ့တွင် ထွက်ခွါသွားရန်နှင့် ၁၂၊ ၁၃ ရက်နေ့များတွင် လွယ်ကော်မြို့တွင် ရပ်နား၍၊ ၁၄ ရက် ကြာသပတေးနေ့တွင် ရန်ကုန်သို့ပြန်ရန်။

၂။ လွယ်ကော်မြို့တွင် ဒီဇင်ဘာလ ၁၁ ရက်နေ့မှစ၍ အားလုံးသောနယ်မှ အရေးပါ အရာရောက်သော လူမျိုးစုံ ခေါင်းဆောင်များကိုစစ်ဆေးရန်။

ဖိုးလတ်၊
အတွင်းရေးမှူး။

စာအမှတ် ၄၀ ကေ အိုင် ဇီ (အေ) ၅၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

## ကရင်နီပြည်နယ်ဝန်ကြီးဌာန။

အတွင်းဝန်များရုံး၊ ရန်ကုန်မြို့။

၁၉၅၁ ခု၊ ဇန္နဝါရီလ ၁၈ ရက်နေ့။

<u>အကြောင်းအရာ။</u> ။ကရင်နီပြည်နယ်အထူးစုံစမ်းရေးကော်မီရှင်။

ကော်မီရှင်၏စုံစမ်းထားချက်မှတ်တမ်းများပေါ်တွင်အခြေပြုလျက် ဆွေးနွေးတိုင်ပင်ရန်အလို့ငှါ၊ ၁၉၅၁ ခု၊ ဇန္နဝါရီလ ၂၆ ရက်၊ သောကြာနေ့ မွန်းလွဲ ၃ နာရီအချိန်တွင်၊ ရှမ်းပြည်နယ်ဝန်ကြီးစဝ်ခွန်ချို၏ ရုံးခန်းသို့ကြွရောက်ပါရန်အိတ်ကြားပါသည်။

၁၉၅၁ ခုနှစ်၊ ဇန္နဝါရီလ ၁၇ ရက်နေ့က အစည်းဝေး ၂ မှတ်တမ်းကိုလည်း ပူးတွဲပေးပို့ပါသည်။

<u>ကရင်နီပြည်နယ်အထူးစုံစမ်းရေးအဖွဲ့ဝင်လူကြီးများ။</u>

<u>ဦးဖိုးလတ်၊ ကရင်နီပြည်နယ်ဝန်ကြီး၏အတွင်းဝန် (အတွင်းရေးမှူး)။</u>

၁၉၅၁ ခု၊ ဇန္နဝါရီလ ၁၇ ရက်နေ့ နေ့လည် ၂ နာရီခွဲအချိန်တွင်၊ ရှမ်းပြည်နယ်ဝန်ကြီး စဝ်ခွန်ချို ( သဘာပတိ ) ၏ ရုံးခန်း၌၊ ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင်အစည်းအဝေးကိုပြုလုပ်ရာ အောက်ပါလူကြီးများတက်ရောက်ကြပါသည်။

(၁) မိုလ်ခင်မောင်ကလေး၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာနဝန်ကြီး။
(၂) စောနော်တင်ဘွား၊ ကရင်ရေးရာကောင်စီသဘာပတိ။
(၃) သတိုးမဟာသရေစည်သူ ဦးချန်ထွန်း၊ နိုင်ငံတော်ရှေ့နေချုပ်။
(၄) မဟာသရေစည်သူဦးစိန်၊ကရင်နီပြည်နယ်ဝန်ကြီး၏ပါလီမန်အတွင်းဝန်။
(၅) မဟာသရေစည်သူ ကပ္ပတိန် မန်းတုံးနုံ၊ ချင်းရေးရာဝန်ကြီး၏ ပါလီမန်အတွင်းဝန်။
(၆) ဦးမြင့်ထူး၊ ပြည်နယ်များဆိုင်ရာဥပဒေအကြံပေးအရာရှိ။
(၇) ဦးဖိုးလတ်၊ ကရင်နီပြည်နယ်ဝန်ကြီး၏ အတွင်းဝန် (အတွင်းရေးမှူး)။

အစည်းအဝေးကို သဘာပတိအဖြစ်မိုလ်ခင်မောင်ကလေး ကဆောင်ရွက်ပါသည်။

## အစည်းအဝေးမှတ်တမ်း။

က။ ။(က) ကရင်ပြည်နယ်ကို အခြေခံဥပဒေပုဒ်မ ၁၈၀ အရသော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း တည်ထောင်သောအခါတွင် ကရင်နီပြည်နယ်ကို ထည့်သွင်းပါဝင်စေရန်သဘောမတူပါကြောင်းကို အားလုံးကပင်တညီတညွတ်တည်းဆန္ဒရှိကြောင်း ထင်ရှားသည်။

(ခ) ယခုခေါ်တွင်လျက်ရှိသော ကရင်နီပြည်နယ်နှင့် ကရင်နီပြည်သားဟူသောအမည်ကို အားလုံးကပင်လျှင် တညီတညွတ်တည်း အလိုမရှိကြောင်းကိုလည်း တွေ့ရပါသည်။ ကရင်နီဟူသော ဝေါဟာရသည် ကရင်ဟူသော ဝေါဟာရနှင့်နီးစပ်ရှုပ်ထွေးရန်အကြောင်းရှိသဖြင့် မလိုလားဟုတွေ့ရပါသည်။

ခ။ ။ကရင်နီဟူသောအမည်အစား၊ မည်သည့်အမည်ကို လိုလားကြပါသလဲဟူသောပြဿနာနှင့်ပတ်သက်၍ အဖြေပေးကြရာတွင် တညီတညွတ်တည်းမရှိကြပါ။ အများဆုံးသောပုဂ္ဂိုလ်များ၏အလိုအတိုင်းဆိုလျှင်၊ ကရင်နီအစားကယားဟူသောစကားကိုနှစ်သက်ကြသည်ဟုသိရပါသည်။

အစည်းအဝေးကို ညနေ ၃ နာရီခွဲအချိန်တွင် ရုပ်သိမ်းလိုက်ပါကြောင်း။ နောက်ထပ်အစည်းအဝေးကို ဇန္နဝါရီလ ၂၆ ရက်နေ့သို့ထပ်မံချိန်းဆိုလိုက်ပါကြောင်း။

ဖိုးလတ်၊
အတွင်းရေးမှူး။

## ၁၉၅၁ ခု၊ ဖေဖော်ဝါရီလ ၅ ရက်နေ့။

၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်၊ စနေနေ့ နံနက် ၁၁ နာရီအချိန်တွင်၊ ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင်အစည်းအဝေးကို၊ ရှမ်းပြည်နယ်ဝန်ကြီး စဝ်ခွန်ချို၏ရုံးခန်းတွင်အစည်းအဝေးကျင်းပရာ၊အောက်ပါလူကြီးမင်းများတက်ရောက်ကြပါသည်။

တက်ရောက်ကြသောလူကြီးမင်းများမှာ—

(၁) စဝ်ခွန်ချို၊ ရှမ်းပြည်နယ်ဝန်ကြီး (သဘာပတိ)။
(၂) ဦးတင် (မြန်အောင်)၊ ကျန်းမာရေးဌာနဝန်ကြီး။
(၃) ဗိုလ်ခင်မောင်ကလေး၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာနဝန်ကြီး။
(၄) သတိုးမဟာသရေစည်သူ ဦးချန်ထွန်း၊ နိုင်ငံတော်ရှေ့နေချုပ်ကြီး။
(၅) ဦးမြင့်ထူး၊ ပြည်နယ်များဆိုင်ရာ ဥပဒေအကြံပေးအရာရှိ။
(၆) မဟာသရေစည်သူ ဦးစိန်၊ ကရင်နီပြည်နယ်ဝန်ကြီး၏ ပါလီမန်အတွင်းဝန်။
(၇) ဦးဖိုးလတ်၊အတွင်းဝန်၊ကရင်နီပြည်နယ်ဝန်ကြီးဌာန (အတွင်းရေးမှူး)။

ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင်၏ အစီရင်ခံစာကို ဆွေးနွေးဝေဖန်ကြသည်။ ၎င်းအစီရင်ခံစာကို ဆွေးနွေးရာမပြီးပြတ်သေးသဖြင့် အစည်းအဝေးကို ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်၊ တနင်္လာနေ့ မွန်းလွဲ ၃ နာရီအချိန်တွင် ပြုလုပ်ရန် ထပ်မံချိန်းဆိုကြပါသည်။

အစည်းအဝေးကို ၃-၂-၅၁ ရက်၊ စနေနေ့ နေ့လည် ၁၂ နာရီခွဲအချိန်တွင် ရုပ်သိမ်းလိုက်ပါသည်။

## ကရင်နီပြည်နယ်အထူးစုံစမ်းရေးကော်မီရှင်။

၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်၊ တနင်္လာနေ့ မွန်းလွဲ ၃ နာရီခွဲအချိန်တွင်၊ကရင်နီပြည်နယ်အထူးစုံစမ်းရေးကော်မီရှင်အစည်းအဝေးကို၊ ရှမ်းပြည်နယ်ဝန်ကြီး၊ စဝ်ခွန်ချို၏ ရုံးခန်းတွင်ကျင်းပရာ၊ အောက်ပါလူကြီးများတက်ရောက်ကြပါသည်။

(၁) စဝ်ခွန်ချို၊ ရှမ်းပြည်နယ်ဝန်ကြီး (သဘာပတိ)။
(၂) ဦးတင် (မြန်အောင်)၊ကျန်းမာရေးဌာနဝန်ကြီး။
(၃) သတိုးမဟာသရေစည်သူ ဦးချန်ထွန်း၊ နိုင်ငံတော်ရှေ့နေချုပ်ကြီး။
(၄) မဟာသရေစည်သူ ကပ္ပတိန် မန်းတိုးနုံး၊ ချင်းရေးရာဝန်ကြီး၏ပါလီမန်အတွင်းဝန်။
(၅) ဦးမြင့်ထူး၊ ပြည်နယ်များဆိုင်ရာဥပဒေအကြံပေးအရာရှိ။
(၆) မဟာသရေစည်သူ ဦးစိန်၊ ကရင်နီပြည်နယ်ဝန်ကြီး၏ ပါလီမန်အတွင်းဝန်။
(၇) ဦးဖိုးလတ်၊ အတွင်းဝန်၊ ကရင်နီပြည်နယ်ဌာန (အတွင်းရေးမှူး)။

၁။ မဟာသရေစည်သူ ဦးစိန်က စတင်ပြောဆိုသည်မှာ၊ ဂျပန်ကိုတော်လှန်ပြီးနောက်၊အင်္ဂလိပ်တို့ဝင်လာစဉ်အခါက ၊ကရင်ခေါင်းဆောင်များသည် ၊ကရင်နီပြည်နယ်အတွင်းသို့ ဝင်ရောက်လာကာ၊ အစစ အရာရာတွင်လက်ဝါးကြီးအုပ်၍ချုတ်ချယ်လာခဲ့သ

ဖြင့်၊ နယ်သူနယ်သားများမှာ မခံမရပ်နိုင်ဖြစ်လာခဲ့ကြကြောင်း။ ထို့နောက် ပုဒ်မ ၁၇၀ တွင်၊ ကရင်နီပါဝင်နေသဖြင့်ပိုမိုမခံမရပ်နိုင်ဖြစ်လာကာ၊အစည်းအဝေးများကျင်းပလျက်၊ ၎င်းပုဒ်မကိုပယ်ဖျက်ရန် ကရင်နီခေါင်းဆောင်များကို မြန်မာပြည်သို့စေလွှတ်ခဲ့ကြောင်း။ ယိုအခါက၊ အင်္ဂလိပ်၏သွေးခွဲဆောင်ဖြားယောင်းမှုဖြင့်၊ တနင်္သာရီတိုင်းတတိုင်းလုံးကို၊ ကရင်ပြည်နယ်ဖြစ်စေရန်၊ အချို့ပုဂ္ဂိုလ်တို့က ဆောင်ရွက်ခဲ့သော်လည်း၊ ကရင်နီခေါင်းဆောင်တို့သည်၊ မြန်မာပြည်နှင့်ပင် ပူးပေါင်းရန်ဆုံးဖြတ်ခဲ့ကြကြောင်း။ယခုတဖန်ကရင်များလွှမ်းမိုးသဖြင့်၊ အမျိုးမျိုးနှိပ်စက်ခြင်းခံခဲ့ရပြန်ရာ၊ နယ်သူနယ်သားများသည်၊ထိုပုဒ်မ ၁၇၀ ကိုပယ်ဖျက်ရန်၊ အထူးပိုမိုလိုလားခဲ့ကြကြောင်း။ ၎င်းကိစ္စအထမမြောက်လျှင်၊ ယခုကရင်နီခေါင်းဆောင်များ၏တာဝန်ပင်ဖြစ်သည်ဟုလူထုကဆုံးဖြတ်ပြီးဖြစ်ကြောင်း။ ထိုပုဒ်မ ၁၇၀ ကိုရေးဆွဲစဉ်အခါကလည်း ကရင်နီလူမျိုးတဦးတယောက်မျှ မပါဝင်ခဲ့ကြောင်း။၎င်းပုဒ်မတည်မြဲသွားလျှင်၊ ကရင်နီပြည်နယ်နှင့် ကရင်နီလူမျိုးများပါပျောက်သွားဖွယ်ရာအကြောင်းရှိကြောင်း။၎င်းပုဒ်မကို၊မပယ်ဖျက်သမျှကာလပတ်လုံး၊ကရင်နီလူမျိုးတို့သည်၊ များစွာစိတ်မကျေမချမ်းဖြစ်မည်ဖြစ်ကြောင်း၊ ကရင်နှင့်ကရင်နီလူမျိုးအချင်းချင်းလည်း၊ သင့်မြတ်ဖွယ်ရာ အကြောင်းမရှိကြောင်း စသဖြင့် သက်သေသာဓကနှင့်တကွ ရှင်းလင်းဖေါ်ပြလေသည်။

၂။ သတိုးမဟာသရေစည်သူ ဦးချန်ထွန်းက ပြောဆိုသည်မှာ၊ ပုဒ်မ ၁၇၀ ကို ပယ်ဖျက်ရန်မသင့်လျော်ကြောင်း။ သို့သော်ပုဒ်မ ၁၉၉ နှင့် ၂၀၀ အရအရေးယူဆောင်ရွက်ခဲ့လျှင်၊ ပုဒ်မ ၁၇၀ မှာ အလိုအလျောက် အချည်းနှီးဖြစ်သွားဖွယ်ရာ အကြောင်းရှိကြောင်း။ အကယ်၍ကရင်နီပြည်နယ်အတွက် အဆိုပါပုဒ်မကို ပြင်ဆင်ပယ်ဖျက်ရသော်၊ အခြားပုဒ်မများကိုလည်းပြင်ဆင်ပယ်ဖျက်ရန် တောင်းဆိုလာကြမည်ကိုစိုးရိမ်ရကြောင်း။ သို့သော်အခြေခံဥပဒေကိုပြင်ဆင်ရန် အချိန်ကျရောက်ပါက၊ ပုဒ်မ ၁၇၀ ကို ပြင်ဆင်သင့်က ပြင်ဆင်၍၊ ပယ်ဖျက်သင့်က ပယ်ဖျက်ရန်တပါတည်း အရေးယူမည်ဖြစ်ကြောင်း။

၃။ မဟာသရေစည်သူ ဦးစိန်က တဖန်ပြောဆိုသည်မှာ၊ ဤကိစ္စနှင့်စပ်လျဉ်း၍ ရွှေနေချုပ်ကြီးနှင့်တကွ မင်းတိုင်ပင်အမတ်များပါ အသိဆုံးဖြစ်သဖြင့်၊ ပုဒ်မ ၁၇၀ ကို ပယ်ဖျက်ရန်မှာ၊ ယခုအချိန်သည် အခွင့်အရေးအကောင်းဆုံးဖြစ်ကြောင်း။

၄။ မဟာသရေစည်သူကဝ္ပတိန်မန်းတုံးနုံးကပြောဆိုသည်မှာ၊ ပုဒ်မ ၁၇၀ အရ၊ ကရင်နှင့်ကရင်နီကို ပူးပေါင်းပေးရမည်ကဲ့သို့ ဖြစ်နေရာ၊ ၎င်းပုဒ်မကို ပယ်ဖျက်ရန်သင့်ကြောင်း။ အကယ်၍ မပယ်ဖျက်နိုင်ပါက၊ ၎င်းပုဒ်မတွင်ပါသော ကရင်နီဟူသော စာလုံးများကိုပယ်ဖျက်ရန်သင့်ကြောင်း။သို့သော်ထိုသို့ပယ်ဖျက်ပြန်ကလည်း အခြား ပုဒ်မများကို ပြင်ဆင်ပေးရန်၊ သို့မဟုတ် ပယ်ဖျက်ရန်တောင်းဆိုလာမည်ကိုလည်း စိုးရိမ်ရကြောင်း။ သို့ကြောင့်အဖွဲ့က စဉ်းစားရန်မှာ ပုဒ်မ ၁၇၀ ကိုပယ်ဖျက်ရန်၊ သို့မဟုတ်ပြင်ဆင်ရန် လိုအပ်ကြောင်း။ သို့တည်းမဟုတ် ပုဒ်မ ၁၉၉ နှင့် ၂၀၀ အရ၊ အရေးယူရန်လိုအပ်ကြောင်းကို စဉ်းစားဘို့လိုကြောင်း။

၅။ ကျန်းမာရေးဌာနဝန်ကြီးဦးတင် (မြန်အောင်) ကပြောဆိုသည်မှာ၊ ကရင်နီပြည်နယ်မှ ဦးဆောင်ပြောဆိုသည့် ခေါင်းဆောင် ၇၇ ယောက်တို့က ကော်မီရှင်ရှေ့တွင်၊ ပုဒ်မ ၁၇၀ ကို ပယ်ဖျက်ရန်လိုလားသည်ဟူသော အစစ်ခံချက်ကို ထောက်ထား၍၎င်း၊

ယာ ဦးစိန်၏ပြောကြားချက်အရ၊ ထိုပုဒ်မအတွက် မည်သို့သော အခက်အခဲများနှင့်တွေ့ ကြုံနေရကြောင်းကို စဉ်းစား၍ရင်း၊ အဆိုပါပုဒ်မ ၁၀၀ ကို ပယ်ဖျက်ဘို့သင့်လျော်ကြောင်း။

၆။ ရှမ်းပြည်နယ်ဝန်ကြီး စဝ်ခွန်ချို က ပြောဆိုသည်မှာ၊ ဤကိစ္စအတွက် အခြားနည်းလမ်းမရှိလျှင်၊ ပုဒ်မ ၁၀၀ ကို၊ ပြင်ဆင်ရန်သင့်ကြောင်း။

၇။ ဝန်ကြီး ဦးတင် (မြန်အောင်) က ထပ်မံပြောဆိုသည်မှာ၊ ကရင်နီပြည် နယ်သားများ၏ ဆန္ဒအရ၊ ပြင်ဆင်ရန်ကိစ္စများကို ပြင်ဆင်ရန်သင့်ကြောင်း။ ထိုသို့ပြင်ဆင်ရန် အချိန်ရအား တိုက်တွန်းသင့်၊ မတိုက်တွန်းသင့် ဟူသောအချက်ကို သာစဉ်းစားရန် အစည်းအဝေးကို ရွှေ့ဆိုင်းဘို့လိုကြောင်း။

၈။ အားလုံးသဘောတူညီချက်အရ၊ အစည်းအဝေးကို ၁၉၅၁ ခု၊ ဖေဖေါ်ဝါရီလ ၁၇ ရက်၊ စနေနေ့ နံနက် ၁၁ နာရီ အချိန်သို့ ရွှေ့ဆိုင်းလိုက်သည်။

ဖိုးလတ်၊
အတွင်းရေးမှူး။

## ကရင်နီပြည်နယ်အထူးစုံစမ်းရေးကော်မီရှင်အစည်းအဝေးမှတ်တမ်း။

၁၉၅၁ ခု၊ ဖေဖော်ဝါရီလ ၁၇ ရက်၊စနေနေ့နံနက် ၁၁ နာရီအချိန်တွင်၊ကရင်နီပြည်နယ်အထူးစုံစမ်းရေးကော်မီရှင်အစည်းအဝေးကို၊ရှမ်းပြည်နယ်ဝန်ကြီးစဝ်ခွန်ချို၏ရုံးခန်းတွင်ကျင်းပရာ၊အောက်ပါလူကြီးများတက်ရောက်ကြသည်။

(၁) စဝ်ခွန်ချို၊ ရှမ်းပြည်နယ်ဝန်ကြီး (သဘာပတိ)။

(၂) ဦးတင် (မြန်အောင်)၊ ကုန်းမာရေးဌာနဝန်ကြီး။

(၃) မိုလ်ခင်မောင်ကလေး၊လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးဌာနဝန်ကြီး။

(၄) သတိုးမဟာသရေစည်သူဦးချန်ထွန်း၊ နိုင်ငံတော်ရှေ့နေချုပ်ကြီး။

(၅) ဒူးဝါးဇော်လွန်း၊ကချင်ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်တော်ဌာနဝန်ကြီး။

(၆) စောနော်တင်ဘွား၊ကရင်ရေးရာကောင်စီသဘာပတိ။

(၇) ဦးမြင့်ထူး၊ပြည်နယ်များဆိုင်ရာဥပဒေဖကြံပေးအရာရှိ။

(၈) မဟာသရေစည်သူဦးစိန်၊ ကရင်နီပြည်နယ်ဝန်ကြီး၏ ပါလီမန်အတွင်းဝန်။

(၉) ဦးဖိုးလတ်၊ကရင်နီပြည်နယ်ဝန်ကြီးဌာနအတွင်းဝန် (အတွင်းရေးမှူး)။

၁။ သတိုးမဟာ သရေစည်သူ ဦးချန်ထွန်းက စတင်ပြောဆိုသည်မှာ၊ အခြေခံဥပဒေပုဒ်မ ၁၈၈ အားပြင်သင့်၊မပြင်သင့် ကိုသေချာစွာ စဉ်းစားရန်လိုအပ်ကြောင်း။ အခြေခံဥပဒေပုဒ်မ ၂၀၀ အရ၊ ကရင်ပြည်နယ်ဖွဲ့စည်းလျှင်၊ ပုဒ်မ ၁၈၀ ပါပြဋ္ဌာန်းချက်များသည်အလိုအလျောက်ပျောက်ပြယ်ကွယ်ပသွားစရာအကြောင်းရှိမရှိတို့ကိုလည်း စဉ်းစားသင့်ကြောင်းပြောဆိုလေသည်။

၂။ မဟာသရေစည်သူ ဦးစိန်က၊ ယခင်တပတ်အစည်းအဝေးတွင် စောနော်တင်ဘွားမတက်ရောက်နိုင်သဖြင့်ထိုအစည်းအဝေး၌ မိမိပြောဆိုအကြောင်းပြချက်များကို စောနော်တင်ဘွားအား၊အတိုချုပ်ထပ်မံပြောဆို၍၊ပုဒ်မ ၁၈၀ ကိုမပယ်ဖျက်သ၍ကာလပတ်လုံးကရင်နီနှင့် ကရင်အမျိုးသားများ၏ဆက်သွယ်မှုများသည်၊အခြားအမျိုးသားအချင်းချင်းဆက်သွယ်မှုကဲ့သို့ကောင်းမွန်ပြေပြစ်ဖွယ်ရာမရှိကြောင်းပြောပြလေသည်။

၃။ စောနော်တင်ဘွားကလည်း၊ ပုဒ်မ ၁၈၀ ကိုပြင်ဆင်ရန် မိမိနှင့်တကွအခြားကရင်အမျိုးသားခေါင်းဆောင်တဦးဖြစ်သူစောဖိုးဇံတို့အကြိမ်ကြိမ်ကြိုးစားခဲ့ကြောင်း။ အခြေခံဥပဒေပုဒ်မ ၂၀၀ အရပြည်နယ်တခုနှင့်တခုပူး ပေါင်းရန်ဖြစ်နိုင်သော်လည်း၊ အခြေခံဥပဒေပုဒ်မ ၁၈၀ အရသော်ကား၊ ကရင်နီပြည်နယ်နှင့် ကရင်ပြည်နယ်တို့ကို၊ကရင်ပြည်နယ်တည်ထောင်ရေးအတွက်မပူးပေါင်းဘဲမဖြစ်နိုင်သကဲ့သို့ရှိနေကြောင်း။ပုဒ်မ ၁၈၀ ရေးဆွဲသောအခါ၌လည်းကရင်နီကိုယ်စားလှယ်များမရှိသဖြင့်၊ထိုပုဒ်မ ၁၈၀ ကို၊ကရင်နီလူမျိုးနှင့်ကရင်လူမျိုးတို့၏အလိုဆန္ဒအတိုင်းပြင်ဆင်ပေးနိုင်ကသာ၍ကောင်းမွန်မည်ဖြစ်ကြောင်းပြောဆိုလေသည်။

၄။ ဒူးဝါးဇော်လွန်းကလည်း စောနော်တင်ဘွား ပြောဆိုသည်ကိုထောက်ခံပြောဆိုလေသည်။

၅။ ဝန်ကြီးစဝ်ခွန်ချိုကလည်း၊ ပုဒ်မ ၁၈၀ ရေးဆွဲစဉ်၌ကရင်နီပြည်နယ်မှကိုယ်စားလှယ်များမရှိသည်ကိုထောက်ထား၍၊ထိုပုဒ်မကိုယခုပြင်ဆင်မည်ဆိုလျှင်အခြေခံဥပဒေကိုအလွယ်တကူပြင်ဆင်ရာမကျ၊ ကရင်နီကိုယ်စားလှယ်တို့၏ဆန္ဒအတိုင်းဆောင်ရွက်ပေးရာသာကျမည်ဖြစ်ကြောင်းပြောဆိုလေသည်။

၆။ ဝန်ကြီး ဗိုလ်ခင်မောင်ကလေးကလည်း၊ ဤအချက်ကိုပင် ထောက်ခံ၍ ပုဒ်မ ၁၈၀ တို့ကရင်နီကိုယ်စားလှယ်များနှင့်ပြည်နယ်သားတို့၏အလိုအတိုင်းပြုပြင်ပေးခြင်းဖြင့်၊ အခြေခံဥပဒေကိုပြင်ဆင်ရာမရောက်၊ကရင်နီပြည်နယ်နှင့်စပ်လျဉ်း၍ဥပဒေများကိုအခြားပြည်နယ်များနည်းတူ ကရင်နီပြည်နယ်သားတို့၏အလိုဆန္ဒအတိုင်းထည့်သွင်းပေးရာသာကျပါသည်ဟုယူဆထိုက်ကြောင်းပြောဆိုလေသည်။

၇။ ဝန်ကြီးဦးတင်(မြန်အောင်)ကလည်း၊ ဝန်ကြီးစဝ်ခွန်ချိုနှင့် ဝန်ကြီးဗိုလ်ခင်မောင်ကလေးတို့ပြောဆိုသည်ကိုထောက်ခံပြောဆိုလေသည်။

၈။ သတိုးမဟာသရေစည်သူ ဦးချန်ထွန်းကလည်း၊ ထပ်မံ၍ကရင်နီပြည်နယ်နှင့်ဆိုင်သော ဥပဒေများ ရေးဆွဲစဉ်၌၊ ကရင်နီကိုယ် စားလှယ်များ မရှိသည်မှာ မှန်ကြောင်း၊နောင်ကရင်နီပြည်နယ်မှကိုယ်စားလှယ်များရောက်လာသောအခါ၊ပုဒ်မ ၁၈၀ မှာရေးဆွဲပြီးဖြစ်နေကြောင်း၊ထိုအခါ၌ပင်းတို့ကပုဒ်မ ၁၈၀ ကိုကန့်ကွက်သော်လည်း၊မြန်မာပြည်၏လွတ်လပ်ရေးအတွက် အင်္ဂလန်နိုင်ငံသို့ ကိုယ်စားလှယ်များလွှတ်ရန် အချိန်ကပ်နေသဖြင့်၊ အခြေခံဥပဒေကိုပြင်ဆင်ရန်အချိန်မရကြောင်း။ လွတ်လပ်ရေးနှင့်စည်းလုံးညီညွတ်ရေးကိုသာထောက်ထား၍ပုဒ်မ ၁၈၀ ကိုယခုလောလောဆယ်မပြင်ဘဲ၊နောက်မှကရင်နီလူမျိုးများဆန္ဒအတိုင်း ပြင်ဆင်ပေးပါမည်ဟုခေါင်းဆောင်များက ကတိထားခဲ့ကြောင်း ထိုသည်တို့ကိုမိန့်ဆိုပြီးသော်၊အခြေခံဥပဒေတွင်မည်သည့်ပုဒ်မ၊မည်သည့် အချက်တို့၌ကရင်နီအမျိုးသားတို့၏အလိုဆန္ဒအတိုင်းကျအောင်ပြုပြင်ပေးသင့်ကြောင်းကိုအသေးစိတ်ဖေါ်ပြလေသည်၊

၉။ ကြွေးဆုံးကြသော ဗောဓိရှင်လူကြီးအားလုံးကပင် အခြေခံဥပဒေကို ပြင်ဆင်သည့်နေရာတို့၌ ပြုပြင်မှသာ ကရင်နီလူမျိုးတို့၏အလိုဆန္ဒပြည့်ဝမည်ဖြစ်သဖြင့်၊ဤသို့ပြုပြင်ပေးရန်ဆုံးဖြတ်ကြလေသည်။

၁၀။ အတွင်းရေးမှူး ဦးဖိုးလတ်က၊ လူကြီးမင်းများအမိန့်ရှိသွားသည့်အတိုင်းအခြေခံဥပဒေတွင် ပြုပြင်သင့်သောအချက်အလက်အားလုံးတို့ကိုသေချာစွာစိစစ်၍အစီရင်ခံစာအကြမ်းကိုအမြန်ရေးသားတင်ပြပါမည်ဟုပြောဆိုရာ၊အစည်းအဝေးကို၊၁၉-၂-၅၁ ရက်၊တနင်္လာနေ့မွန်းလွဲ ၃ နာရီအချိန်တွင် ထပ်မံပြုလုပ်ရန်အများသဘောတူဆုံးဖြတ်ကြလေသည်။

ထိုနေ့အစည်းအဝေးကို၊နေ့လည် ၁၂ နာရီခွဲအချိန်တွင်ရုပ်သိမ်းလိုက်လေသည်။

ဖိုးလတ်၊
အတွင်းရေးမှူး။

ကရင်နီပြည်နယ်အထူးစုံစမ်းရေးကော်မီရှင်အစည်းအဝေးမှတ်တမ်း။

၁၉၅၁ ခု၊ဖေဖေါ်ဝါရီလ ၁၉ ရက်၊တနင်းလာနေ့မွန်းလွဲ ၃ နာရီအချိန်တွင်၊ ကရင်နီပြည်နယ်အထူးစုံစမ်းရေးကော်မီရှင်အစည်းအဝေးကို၊ ရှမ်းပြည်နယ်ဝန်ကြီးစဝ်ခွန်ချို၏ရုံးခန်းတွင်ကျင်းပရာ၊အောက်ပါလူကြီးများတက်ရောက်ကြသည်။

(၁) စဝ်ခွန်ချို၊ရှမ်းပြည်နယ်ဝန်ကြီး (သဘာပတိ)။
(၂) ဦးတင် (မြန်အောင်)၊ ကျန်းမာရေးဌာနဝန်ကြီး။
(၃) ဗိုလ်ခင်မောင်ကလေး၊ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးဌာနဝန်ကြီး။
(၄) သတိုးမဟာသရေစည်သူဦးချန်ထွန်း၊နိုင်ငံတော်ရှေ့နေချုပ်ကြီး။
(၅) ဦးမြင့်ထူး၊ပြည်နယ်များဆိုင်ရာဥပဒေအကြံပေးအရာရှိ။
(၆) မဟာသရေစည်သူ ဦးစိန်၊ကရင်နီပြည်နယ်ဝန်ကြီး၏ပါလီမန်အတွင်းဝန်။
(၇) ဦးဖိုးလတ်၊ ကရင်နီပြည်နယ်ဝန်ကြီးဌာနအတွင်းဝန် (အတွင်းရေးမှူး)။

အတွင်းရေးမှူးဦးဖိုးလတ်က၊ ကရင်နီပြည်နယ်အထူးစုံစမ်းရေးကော်မီရှင်အစီရင်ခံစာ အခဏ်း ၄၊ အကြံပေးထောက်ခံချက်အကြမ်းကိုတင်ပြရာ၊ရှေ့နေချုပ်ကြီးဦးချန်ထွန်းက၊ ထိုတင်ပြသော အကြံပေးထောက်ခံချက်အကြမ်းကို ကျန်ကော်မီရှင်အဖွဲ့ဝင်လူကြီးများနှင့်တိုင်ပင်ညှိနှိုင်း၍ပြင်ဆင်သည့်အချက်အလက်များကိုပြင်ဆင်ဖြည့်စွက်ပါကြောင်း။

ရှမ်းပြည်နယ်ဝန်ကြီး စဝ်ခွန်ချိုက၊ ထိုပြင်ဆင်ပြီးသော အကြံပေးထောက်ခံချက်အကြမ်းကိုအချောကူးပြီးအတည်ပြုရန်အစည်းအဝေးတရပ်ကိုထပ်မံချိန်းဆို၍၊ထိုအစည်းအဝေးသည်၊ ဤကော်မီရှင်၏ နောက်ဆုံးအပြီးသတ်အစည်းအဝေးဖြစ်ရမည်ဟုပြောဆိုရာ၊ အများသဘောတူအစည်းအဝေးကို၊ ၂၉-၂-၅၁၊တနင်းလာနေ့မွန်းလွဲ ၃ နာရီအချိန်တွင်ထပ်မံပြုလုပ်ရန်ဆုံးဖြတ်ကြပါကြောင်း။

ထိုနေ့အစည်းအဝေးကို၊ညနေ ၄ နာရီခွဲအချိန်တွင်ရုပ်သိမ်းလိုက်လေသည်။

ဖိုးလတ်၊
အတွင်းရေးမှူး။

# ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့၌ ကျင်းပသည့် တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) တွင် အတည်ပြုပြီးဖြစ်သော ကရင်နီပြည်နယ် အထူးစုံစမ်းရေး ကော်မီရှင်၏အစီရင်ခံစာ။

## အခန်း ၁။

### နိဒါန်း။

၁။ ၁၉၅၀ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၉ ရက်နေ့တွင်၊ ကျင်းပသော မြန်မာနိုင်ငံ တိုင်းပြည်ပြုလွှတ်တော် ဒုသမ ညီလာခံအစည်းအဝေးတွင် ကရင်နီပြည်နယ်အမတ် ဦးစိန် က အောက်ပါအဆိုနှစ်ခုကို တင်သွင်းခဲ့လေသည်။

### ပဌမအဆို။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်ကရင်နီ ဟု ခေါ်ဆိုထားသော အမည်ဟူသဒ္ဒေါကို ကယားဟူသော အမည်စစ် အမည် မှန်သို့ပြောင်းလဲရန်၊ အစိုးရကလိုအပ်သည်ကို ဆောင်ရွက်ပေးရန်၊ ဤပါလီမန်က အကြံပေးထောက်ခံပါကြောင်း။

### ဒုတိယအဆို။

ကရင်နီပြည်နယ်ဟု ခေါ်ထားသော ကယားပြည်နယ်သည်၊ ၎င်းပြည် နယ်သူ နယ်သားများ လိုအပ်သည့်အတိုင်း၊ မည်သည့်ဒေသနှင့်မျှ ပူးပေါင်းဖွဲ့စည်းခြင်း မပြုဘဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ပင်၊ ပြည်ထောင်စုအဖွဲ့ဝင်တခုအနေ ဖြင့် တည်မြဲနိုင်စေရန်၊ အစိုးရကလိုအပ်သည်တို့ကို ဆောင်ရွက်ပေးရန်၊ ဤပါလီ မန်က အကြံပေးထောက်ခံပါကြောင်း။

၂။ ဦးစိန်တင်သွင်းသော ပဌမအဆိုကို ရှမ်းပြည်နယ်အမတ် ဦးကြာပုက ထောက် ခံ၍၊ ဒုတိယအဆိုကို ဦးကြာပုနှင့် ကျိုက်ခမီ ကျေးလက်အနောက်ပိုင်း ကရင်အမျိုးသား အမတ် စောနော်တင်ဘွားတို့က ထောက်ခံသည်။ သို့ရာတွင် နိုင်ငံတော် ဝန်ကြီးချုပ် သခင်နုက အဆိုနှစ်ခုစလုံးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ၌ပါရှိသော အချို့အချက်အလက်တို့ကို ပြင်ဆင်ရန်ကိစ္စနှင့် သက်ဆိုင်နေကြောင်း။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ၊ အလွယ်တကူ ပြင် ဆင်သင့်သော ဥပဒေမဟုတ်ကြောင်း။ ထိုအခြေခံဥပဒေကြီးကို မပြင်ဆင်ဘဲ အခြားနည်း လမ်းများကိုရှာကြံ၍ ဆောင်ရွက်နိုင်က ဆောင်ရွက်ရန်လိုအပ်ကြောင်း။ အခြားနည်းလမ်း များကို ရှာကြံ၍မရသဖြင့် အခြေခံဥပဒေကြီးကို ပြင်ဆင်ရမည်ဆိုလျှင်လည်း၊ သေသေ ချာချာ လေးလေးနက်နက် ဆွေးနွေးရန်လိုအပ်ကြောင်း စသည်ဖေါ်ပြပြီးသော်၊ ဤကိစ္စ များကို အထူးကော်မီရှင်တခုကို အမြန်ဖွဲ့စည်းစုံစမ်းစေပါမည်ဟု ကတိပေးရာ၊ အဆိုနှစ်ခု စလုံးကိုပင် ကရင်နီပြည်နယ်အမတ် ဦးစိန်က လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ၊ ပြန် လည်ရုပ်သိမ်းလိုက်လေသည်။

၃။ ၁၉၅၀ ခုနှစ်၊ မတ်လ ၁ ရက်နေ့စွဲဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ တရားဌာန (ဥပဒေပြုဌာနခွဲ) က၊ အမိန့်ပြဋ္ဌာန်းချက်တခုကို အများသိစေရန်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အမိန့်ပြန်တမ်းအဖြစ်ဖြင့်၊ ၁၉၅၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်နေ့စွဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အမိန့်ပြန်တမ်းအချပ်ပိုတွင် ထုတ်ပြန်ကြေညာသည်မှာ အောက်ပါအတိုင်းဖြစ်၏။

## တရားဌာန။

## (ဥပဒေပြုဌာနခွဲ။)

ပြဋ္ဌာန်းချက်။ ။ကရင်နီပြည် နယ်သားများသည် (က) မိမိတို့အား ကယားလူမျိုးဟူ၍၎င်း၊ မိမိတို့၏ပြည်နယ်ဖြစ်သော ကရင်နီပြည်နယ်အား ကယားပြည်နယ်ဟူ၍၎င်း ခေါ်တွင်စေလိုကြောင်းနှင့် (ခ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၈၀ အရဖြစ်စေ၊ အခြားနည်းအရဖြစ်စေ၊ ကရင်ပြည်နယ် တခုကို ဖွဲ့စည်းတည်ထောင်သောအခါ မိမိတို့၏ကရင်နီပြည်နယ်ကို ထိုပုဒ်မတွင် ရည်ညွှန်းထားသည့်အတိုင်း ထည့်သွင်းပါဝင်စေရန်မလိုလားကြောင်း အဆိုရှိသဖြင့်—

၁။ အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော အထူးစုံစမ်းရေး ကော်မီရှင်တခုကို ကရင်နီပြည်နယ် အထူးစုံစမ်းရေး ကော်မီရှင်ဟု ခေါ်တွင်စေလျက်၊ ၁၉၅၀ ခုနှစ်၊ စုံစမ်းရေးကော်မီတီများ အက်ဥပဒေပုဒ်မ ၃ အရ၊ နိုင်ငံတော်သမတက ဖွဲ့စည်းခန့်ထားလိုက်သည်။

(၁) စပ်ဝှန်ချို၊ ရှမ်းပြည်နယ်နှင့်နိုင်ငံခြားရေးဌာနဝန်ကြီး (သဘာပတိ)။
(၂) ဗိုလ်ခင်မောင်ကလေး၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာနဝန်ကြီး။
(၃) ဒူးဝါးဇော်လွန်း၊ ကချင်ပြည်နယ် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနဝန်ကြီး။
(၄) စောနော်တင်ဘွား၊ ကရင်ရေးရာကောင်စီ သဘာပတိ။
(၅) သတိုးမဟာသရေစည်သူ ဦးချန်ထွန်း၊ နိုင်ငံတော်ရှေ့နေချုပ်။
(၆) ဦးတင် (မြန်အောင်)၊ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီး၏ ပါလီမန်အတွင်းဝန်။
(၇) မဟာသရေစည်သူ ဦးစိန်၊ ကရင်နီပြည်နယ်ဝန်ကြီး၏ ပါလီမန်အတွင်းဝန်။
(၈) မဟာသရေစည်သူ ကပ္ပတိန်မန်းတိုးနိုး၊ ချင်းရေးရာဝန်ကြီး၏ပါလီမန်အတွင်းဝန်။
(၉) ဦးမြင့်ထူး၊ ပြည်နယ်များဆိုင်ရာ ဥပဒေအကြံပေးအရာရှိ။
(၁၀) ဦးဖိုးလတ်၊ ကရင်နီပြည်နယ်ဝန်ကြီးဌာန အတွင်းဝန် (အတွင်းရေးမှူး)။

၂။ ဤအထူးစုံစမ်းရေး ကော်မီရှင်တွင် သင့်တော်သော ပုဂ္ဂိုလ်များကို အဖွဲ့ဝင်အဖြစ်ဖြင့်၊ ဤကော်မီရှင်ကပင် ထပ်မံတိုးချဲ့ခန့်ထားနိုင်ခွင့်ရှိစေရမည်။

၃။ အထူးစုံစမ်းရေးကော်မီရှင်၏တာဝန်နှင့် အလုပ်ဝတ်တရားများမှာ—

(က) ကရင်နီပြည် နယ်သားများက၊ မိမိတို့အား ကယားလူမျိုးဟူ၍ရင်း၊ မိမိတို့ပြည်နယ်ဖြစ်သော ကရင်နီပြည်နယ်အား ကယားပြည်နယ်ဟူ၍ရင်း၊ ခေါ်တွင်စေလိုသောဆန္ဒရှိ မရှိကိုစုံစမ်းရန်။

(ခ) ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၈၀ အရဖြစ်စေ၊ အခြားနည်းအရဖြစ်စေ၊ကရင်ပြည်နယ်တခုကို ဖွဲ့စည်းတည်ထောင်သောအခါ၊ ကရင်နီပြည်နယ်သားများက မိမိတို့၏ပြည်နယ်ကို အဆိုပါ ကရင်ပြည်နယ်တွင် ထည့်သွင်းပါဝင်စေလိုသောဆန္ဒ ရှိ မရှိကို စုံစမ်းရန်။

(ဂ) အကယ်၍ ထိုဆန္ဒနှင့်အညီ ဆောင်ရွက်ရန်ကိစ္စအတွက်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို ပြင်ဆင်ရန်မလိုဘဲ၊ အခြားတနည်းနည်းဖြင့် ဆောင်ရွက်နိုင်ရန် နည်းလမ်းကို စိစစ်ရှာဖွေ၍ ဖြစ်နိုင်ပါက၊ နိုင်ငံတော်အစိုးရသို့ အကြံပေးထောက်ခံရန်။

(ဃ) အကယ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပါ သက်ဆိုင်ရာပြဋ္ဌာန်းချက် တခုကိုသော်၎င်း၊ အများကိုသော်၎င်း၊ ပြောင်းခြင်း၊ ဖြည့်ခြင်း၊ ရုပ်သိမ်းခြင်း တို့ကိုပြုခြင်းဖြင့်သာလျှင်၊ ထိုဆန္ဒအရ ဆောင်ရွက်နိုင်မည်ဟု သဘောရရှိပါက၊ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါသက်ဆိုင်ရာ ပြဋ္ဌာန်းချက်တို့ကို၊ မည်သို့မည်ပုံပြင်ခြင်းကို ပြုသင့်ကြောင်း စသည်တို့ကို၊ နိုင်ငံတော်အစိုးရအား အကြံပေးထောက်ခံရန်။

၄။ ဤအထူးစုံစမ်းရေးကော်မီရှင်သည်၊ မိမိတို့၏တာဝန်နှင့် အလုပ်ဝတ်တရားများကို ဤနေ့မှစ၍ ၃ လအတွင်းပြီးမြောက်အောင် ဆောင်ရွက်လျက်၊ နိုင်ငံတော်အစိုးရထံသို့ ထောက်ခံချက်များပါသော အစီရင်ခံစာကို တင်သွင်းရမည်။

အမိန့်။ ။ဤအမိန့်ပြဋ္ဌာန်းချက် မိတ္တူတစောင်စီကို၊ ကော်မီရှင်ဥက္ကဋ္ဌ၊ ကော်မီရှင်အဖွဲ့ဝင်လူကြီးများနှင့် အတွင်းရေးမှူးထံပေးပို့စေ။

နောက်ထပ်အမိန့်။ ။ဤအမိန့်ပြဋ္ဌာန်းချက်ကို အများသိရှိရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အမိန့်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာစေ။

အမိန့်အရ၊

စံညွန့်၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
တရားဌာန။

ရန်ကုန်မြို့၊ ၁၃၁၁ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်။
(၁၉၅၀ ခုနှစ်၊ မတ်လ ၁ ရက်။)

၄။ အထက်ပါ အမိန့်ပြဋ္ဌာန်းချက်အရ၊ ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင်၏ ပဌမအကြိမ် အစည်းအဝေးကို၊ ၁၉၅၀ ပြည့်နှစ်၊မတ်လ ၁၇ ရက်နေ့တွင် ကော်မီရှင်၏ သဘာပတိ ရှမ်းပြည်နယ်ဝန်ကြီး စဝ်ခွန်ချို၏ရုံးခန်း၌ကျင်းပပြီးလျှင်၊ ကရင်နီပြည် နယ်သူနယ်သားတို့အား စုံစမ်းမေးမြန်းရန်အတွက် မေးခွန်းများကို အတည်ပြုသည်။

၅။ မေးခွန်းပုံစံကို၊ ဤအစီရင်ခံစာတွင် နောက်ဆက်တွဲ (က) အဖြစ်ဖော်ပြထားပါသည်။ မေးခွန်းပုံစံပေါင်း ၁၉,၅၀၀ (တသောင်းကိုးထောင့်ငါးရာ) ကို ကရင်နီပြည်နယ်အရေးပိုင်ထံသို့ နယ်အသီးသီးသို့ ဝေငှရန်ပေးပို့လိုက်ရာ တိုက်နယ်အသီးသီးမှ ဖြေဆိုပြီး မေးခွန်းပုံစံပေါင်း ၇,၆၆၅ (ခုနစ်ထောင်ခြောက်ရာခြောက်ဆယ့်ငါး) ခုကို ပြန်လည်ရရှိပါသည်။

၆။ အမိန့်ပြဋ္ဌာန်းချက်အပိုဒ် ၄ အရ၊ အထူးစုံစမ် ရေးကော်မီရှင်သည်၊ မိမိတို့၏ တာဝန်ဝတ္တရားများကို ပြန်တမ်းထုတ်ပြန်သည့်နေ့မှစ၍ ၃ လအတွင်း ပြီးမြောက်အောင်ဆောင်ရွက်လျက်၊ နိုင်ငံတော်အစိုးရထံသို့ ထောက်ခံချက်များပါရှိသော အစီရင်ခံစာကို တင်သွင်းရမည်ဖြစ်သော်လည်း၊ ၁၉၅၀ ခု၊ ဧပြီလ ၂၇ ရက်နေ့တွင်၊ ကော်မီရှင် သဘာပတိ ရှမ်းပြည်နယ်ဝန်ကြီး စဝ်ခွန်ချို၏ ရုံးခန်း၌ပင် ကော်မီရှင်အစည်းအဝေးကို ဒုတိယအကြိမ်ပြုလုပ်၍၊ကရင်နီပြည်နယ်၏အခြေအနေအရ၊လောလောဆယ်လမ်းပန်းအဆက်အသွယ် မကောင်းသေးသည်ကတကြောင်း၊ မိုးတွင်းကျရောက်လာသောအခါ၌ အသွားအလာခဲယဉ်းသည်ကတကြောင်း၊ ဤအကြောင်းများကြောင့် အထူးစုံစမ်းရေးကော်မီရှင်၏လုပ်ငန်းများကို၊ ၁၉၅၀ ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ ရွှေ့ဆိုင်းရန်အားလုံးသဘောတူ ဆုံးဖြတ်ကြသည်။

၇။ ကော်မီရှင်၏လုပ်ငန်းများကို၊ ၁၉၅၀ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ရွှေ့ဆိုင်းရန်ကို၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ တရားဌာန (ဥပဒေပြုဌာနခွဲ) က အမိန့်ပြဋ္ဌာန်းချက်၊ ၁၉၅၀ ခု၊ ဇွန်လ ၂၄ ရက်နေ့စွဲ၊ စာအမှတ် ၃၇ ဂျေဒီ ၅၀ (၄၃၆၂)၌ သဘောတူလက်ခံလိုက်သည်။ ထိုပြဋ္ဌာန်းချက်ကို၊ ၁၉၅၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့စွဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အမိန့်ပြန်တမ်း အချပ်ပိုတွင် ထုတ်ပြန်ကြေညာသည်။ ဤသို့သဘောတူညီသော်လည်း အကြောင်းမညီညွတ်သောကြောင့် ကော်မီရှင်၏လုပ်ငန်းရပ်များကို၊ ၁၉၅၁ ခု၊ ဖေဖော်ဝါရီလကုန်အထိ နောက်ထပ် ၂ လရွှေ့ဆိုင်းပေးရန်ထပ်မံတောင်းဆိုရပြန်လေသည်။ ဤတောင်းဆိုချက်ကိုလည်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊တရားဌာန (ဥပဒေပြုဌာနခွဲ) က အမိန့်ပြဋ္ဌာန်းချက် ၁၉၅၁ ခု၊ ဖေဖော်ဝါရီလ ၃ ရက်နေ့စွဲ၊ စာအမှတ် ၃၇ ဂျေဒီ ၅၀ (၁၀၄၀၅)၌ သဘောတူလက်ခံလိုက်လေသည်။

၈။ ၁၉၅၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အထူးစုံစမ်းရေးကော်မီရှင်လူကြီးများသည်၊ လွိုင်ကော်မြို့သို့ကြွရောက်၍၊ ဒီဇင်ဘာလ ၁၁၊ ၁၂၊ ၁၃၊ ၁၄ ရက်နေ့တို့၌၊ ကရင်နီပြည်နယ်အရပ်ရပ်မှ လူထုခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး၍ သက်သေများကိုစစ်ဆေးခြင်းပြုသည်။ ထို ၄ ရက်အတွင်း၌ ကရင်နီပြည်နယ်တဝှမ်းလုံးမှပင် သက်သေပေါင်း ၈၉၁ မျှ လာရောက်၍ အထူးစုံစမ်းရေးကော်မီရှင်နှင့် တွေ့ဆုံအစစ်ခံကြသည်။

ထိုအခါ၌ ကရင်နီပြည်နယ် အနှံ့အရပ်တို့တွင် ကေ၊အင်၊ဒီ၊အို၊သူပုန်များလွှမ်းမိုးလျက်ရှိသော်လည်း များစွာသောသူတို့သည်၊ ထိုဒေသများမှ သက်စွန့်ကြိုးပမ်းလာရောက်၍ အထူးစုံစမ်းရေးအဖွဲ့ထံ မိမိတို့၏လိုအင်ဆန္ဒများကို ပြောပြအစစ်ခံကြသည်။

၉။ အထူးစုံစမ်းရေးကော်မီရှင် လူကြီးများအနက်၊ ဖွဲ့စည်းစဉ်က ဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး၏ ပါလီမန်အတွင်းဝန်၊ နောင် ကျန်းမာရေးဌာနဝန်ကြီးဖြစ်သူ ဦးတင် (မြန်အောင်) မှာ ပဌမအကြိမ် အစည်းအဝေးတွင်သာတက်ရောက်နိုင်၍၊ အမေရိကန် နိုင်ငံသို့ အလုပ်ဝတ္တရားဖြင့်သွားရောက်နေရသဖြင့်၊ ၁၉၅၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၃ ရက်နေ့ အစည်းအဝေးတွင်မှပင်တဖန်ပြန်လည်တက်ရောက်နိုင်လေတော့သည်။

## အခန်း ၂။

### စုံစမ်းချက်နှင့် ကောက်ချက်များ။

၁၀။ ကရင်နီပြည်နယ်တနယ်လုံးကို ဖြေကြားရန်ဖြန့်ဝေလိုက်သော မေးခွန်းများတွင် အဓိကမေးခွန်းတို့သည်ကား၊ အောက်ပါအတိုင်းဖြစ်လေသည်။

မေးခွန်းအမှတ် ၂။ ။သင်သည်၊ ကရင်နီနယ်သားများကို ကယားလူမျိုးဟု ခေါ်တွင်စေလိုပါသလား။

(က) ဤသို့ခေါ်တွင်စေလိုလျှင်၊ အဘယ်ကြောင့် ခေါ်တွင်စေလိုကြောင်းကို ဖေါ်ပြနိုင်က ဖေါ်ပြပါ။
(ခ) ဤသို့ မခေါ်တွင်စေလိုလျှင်၊ အဘယ်ကြောင့် မခေါ်တွင်စေလိုကြောင်းကို ဖေါ်ပြနိုင်က ဖေါ်ပြပါ။

မေးခွန်းအမှတ် ၃။ ။သင်သည်၊ ကရင်နီပြည်နယ်ကို ကယားပြည်နယ်ဟု ခေါ်တွင်စေလိုပါသလား။

(က) ဤသို့ခေါ်တွင်စေလိုလျှင်၊ အဘယ်ကြောင့်ခေါ်တွင်စေလိုကြောင်းကို ဖေါ်ပြနိုင်က ဖေါ်ပြပါ။
(ခ) ဤသို့ မခေါ်တွင်စေလိုလျှင်၊ အဘယ်ကြောင့် မခေါ်တွင်စေလိုကြောင်းကို ဖေါ်ပြနိုင်က ဖေါ်ပြပါ။

မေးခွန်းအမှတ် ၄။ ။ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၈၀ (၁) အရဖြစ်စေ၊ အခြားနည်းအရဖြစ်စေ၊ ကရင်ပြည်နယ်တခုကို ဖွဲ့စည်းတည်ထောင်သောအခါတွင် သင်သည်၊ ကရင်နီပြည်နယ်ကို အဆိုပါကရင်ပြည်နယ်တွင်းသို့ ထည့်သွင်းပါဝင်စေလိုပါသလား။

(က) ထည့်သွင်းပါဝင်စေလိုလျှင်၊ အဘယ်ကြောင့် ထည့်သွင်းပါဝင်စေလိုကြောင်း ဖေါ်ပြနိုင်က ဖေါ်ပြပါ။
(ခ) မထည့်သွင်း မပါဝင်စေလိုလျှင်၊ အဘယ်ကြောင့် မထည့်သွင်း မပါဝင်စေလိုကြောင်း ဖေါ်ပြနိုင်က ဖေါ်ပြပါ။

၁၁။ ဤအရေးကြီးသောမေးခွန်း ၃ ခုအနက်၊ ပဉ္စမ ၂ မှာ တခုနှင့်တခု ရင်းနှီးစွာ ဆက်စပ်နေသဖြင့်၊ ကရင်နီဟူသော အမည်မှ ကယားဟူသောအမည်သို့ ပြောင်းလဲရန် အလိုရှိ မရှိဟူသော မေးခွန်းတခုတည်းအနေသို့ အကျဉ်းချုံး၍ ဖေါ်ပြဖြေဆိုမည်ဆိုလျှင် လည်းဖြစ်နိုင်ပေ၏။ဖြန့်ဖြူးလိုက်သောမေးခွန်းပုံစံပေါင်း ၁၉,၅၀၀ အနက်မှ ၇,၆၆၅ ခု တို့ကို အဖြေများဖြင့် ကရင်နီပြည်နယ် အရပ်ရပ်တို့မှ အောက်ပါအတိုင်းပြန်လည်ပေးပို့ ကြလေသည်။

| နယ်အမည်။ | | ရွာပေါင်း။ | အဖြေနှင့်ပြန်ပို့သော မေးခွန်းပုံစံပေါင်း။ |
|---|---|---|---|
| ဘောလခဲ | .... | ၁၀၂ | ၃,၅၄၃ |
| ကြယ်ဖိုးကြီး | .... | ၆၂ | ၈၂၉ |
| ကန္တာရဝတီ | .... | ၂၀၁ | ၃,၂၉၃ |
| ပေါင်း | .... | ၄၄၅ | ၇,၆၆၅ |

အဖြေများကိုပေးပို့သူတို့တွင် လူမျိုးအားဖြင့် အောက်ပါအတိုင်းပါဝင်လေသည်။

| | | | | ယောက်။ |
|---|---|---|---|---|
| (၁) | ကရင်နီ | .... | .... | ၃၃၄၉ |
| (၂) | ပဒေါင်းလူမျိုး | .... | .... | ၁၃၈၃ |
| (၃) | ရှမ်းလူမျိုး | .... | .... | ၉၆၂ |
| (၄) | ယင်းဘော်လူမျိုး | .... | .... | ၉၄၃ |
| (၅) | ပန္နဲလူမျိုး | .... | .... | ၄၉၉ |
| (၆) | အင်းသားလူမျိုး | .... | .... | ၂၀၆ |
| (၇) | တောင်သူလူမျိုး | .... | .... | ၁၂၈ |
| (၈) | မြန်မာလူမျိုး | .... | .... | ၇၉ |
| (၉) | မနုမနောလူမျိုး | .... | .... | ၃၈ |
| (၁၀) | ပကူးလူမျိုး | .... | .... | ၃၂ |
| (၁၁) | အိန္ဒိယလူမျိုး | .... | .... | ၂၂ |
| (၁၂) | ယင်းတလဲလူမျိုး | .... | .... | ၁၂ |
| (၁၃) | ဂဲ့ပါးလူမျိုး | .... | .... | ၅ |
| (၁၄) | ဂဲ့ကိုးလူမျိုး | .... | .... | ၃ |
| (၁၅) | တရုပ်လူမျိုး | .... | .... | ၃ |
| (၁၆) | ယွန်းလူမျိုး | .... | .... | ၁ |
| | | ပေါင်း | .... | ၇,၆၆၅ |

၁၂။ ကရင်နီပြည်နယ်အစိုးရတို့က လက်ရှိအခြေအနေအရ စောင့်ရှောက်အုပ်ချုပ် နေရသော်လည်း၊ ကရင်နီပြည်နယ်ထဲသို့ပါဝင်သည်ဟု အခြေခံဥပဒေအရ မဆိုနိုင်သေး သော မိုးဗြဲနယ်သို့ မေးခွန်းပုံစံများကို မပေးပို့ချေ။ သို့ရာတွင် အဖြေနှင့် မေးခွန်းပုံစံပေါင်း

၂၁ ခုကို မိုးမြနယ်မှ ပေးပို့ရရှိလေသည်။ ထိုသို့ရရှိသော အဖြေများကိုကား၊ အထက်ပါ အရေအတွက်တွင် မထည့်သွင်းချေ။ ကရင်နီပြည်နယ် ၃ နယ်မှရရှိသော အဖြေပေါင်း ၇,၆၆၅ ခုတွင် ခြွင်းချက်မရှိ အားလုံးနှုပင်လျှင်၊ ကရင်နီဟူသောလူမျိုးနှင့် ပြည်နယ်၏ အမည်ကို ကယား ဟူသောအမည်သို့ ပြောင်းလဲ၍၊ ကရင်နီပြည်နယ်ကိုလည်း ကရင်ပြည်နယ်ဘည်ထောင်သောအခါ၊ ကရင်ပြည်နယ်နှင့် ပူးပေါင်းရန် အလိုမရှိကြောင်း ဖေါ်ပြကြလေသည်။

၁၃။ ကရင်နီဟူသောအမည်မှ ကယားဟူသောအမည်သို့ ပြောင်းလဲလိုသည်မှာ၊ ကရင်နီဟူသောစကားသည် တိုင်းရင်းဘာသာစကားမဟုတ်၊ ကယား ဟူသောစကားသည်သာ တိုင်းရင်းဘာသာစကားဖြစ်သဖြင့် နှစ်သက်အပ်သည်ဟူ၍၎င်း၊ ကရင်ပြည်နယ်တွင်းသို့၊ ကရင်နီပြည်နယ် မပါဝင်စေလိုသည်မှာလည်း၊ ကရင်နီပြည်နယ်သည်၊ ရှေးပဝေဏီကာလကပင် လွတ်လပ်သောပြည်နယ်တခုဖြစ်ခဲ့သဖြင့်၊ ကရင်ပြည်နယ်တွင်းသို့ ပါဝင်ခြင်းဖြင့်၊ ထိုသီးခြားပြည်နယ်အဖြစ်ကို ဆုံးရှုံးမခံနိုင်ဟူ၍၎င်း၊ မေးခွန်းအဖြေတို့တွင် အကြောင်းဖေါ်ပြကြလေသည်။

၁၄။ ၁၉၅၀ ပြည့်၊ ဒီဇင်ဘာလ ၁၁၊ ၁၂၊ ၁၃၊ ၁၄ ရက်နေ့တို့၌၊ လွိုင်ကော်မြို့တွင် အထူးစုံစမ်းရေးကော်မီရှင်နှင့် လူပေါင်း ၈၉၁ ယောက် လာရောက်တွေ့ဆုံအစစ်ခံကြလေသည်။ ထိုသူများတွင် အချို့တို့မှာ၊ သူပုန်များ လွတ်ကင်းသောဒေသတို့မှဖြစ်၍၊ အချို့တို့မှာ သူပုန်လက်တွင်း၌ရှိနေသေးသောဒေသတို့မှဖြစ်ရာ၊ ၎င်းတို့အားလုံးသည်ပင်လျှင် သူပုန်တို့ကြောင့်သော်၎င်း၊ အခြားအကြောင်းများကြောင့်သော်၎င်း မလာရောက်နိုင်သောသူတို့နှင့် အချင်းချင်း တိုင်ပင် ဆွေးနွေး စည်းဝေး ညှိနှိုင်းပြီးဖြစ်ကြောင်းဝန်ခံကြလေသည်။ လာရောက်သူတို့အနက်လည်း လူပေါင်း ၈၈ ယောက်တို့က ဦးဆောင်လျက်ပြောဆိုကြလေသည်။ ထို ၈၈ ယောက်အနက်၊ ကရင်နီလူမျိုး ၄၃ ယောက်၊ ရှမ်းလူမျိုး ၁၀ ယောက်၊ ပဒေါင်းလူမျိုး ၅ ယောက်၊ ပရဲ့လူမျိုး ၅ ယောက်၊ မနုမနော လူမျိုး ၅ ယောက်၊ ယင်းတလဲလူမျိုး ၃ ယောက်၊ အင်းသားလူမျိုး ၃ ယောက်၊ မြန်မာလူမျိုး ၃ ယောက်၊ ယင်းဘော်လူမျိုး ၂ ယောက်၊ တောင်သူလူမျိုး ၁ ယောက် တို့ပါဝင်ကြလေသည်။ ၎င်းတို့တွင် ဘုရင်ဂျီခရစ်ယန်ဘာသာကို ကိုးကွယ်သူ ၃၂ ယောက်၊ ဘုရင်ဂျီမဟုတ်သူ ခရစ်ယန်ဘာသာကို ကိုးကွယ်သူ ၂ ယောက်၊ ဗုဒ္ဓဘာသာကို ကိုးကွယ်သူ ၃၅ ယောက်နှင့် နတ်ကိုးကွယ်သူ ၁၉ ယောက်တို့ပါဝင်ကြလေသည်။

၁၅။ ဦးဆောင်ပြောဆိုသူ လူပေါင်း ၈၈ ယောက်အနက် အားလုံးပင်လျှင်၊ ကရင်နီဟူသောပြည်နယ်နှင့် လူမျိုး၏အမည်ကို ပြောင်းလဲလိုကြောင်း ထွက်ဆိုကြလေသည်။ မည်သည့်အမည်သို့ ပြောင်းလဲလိုသည်ဟူသော အချက်၌သော်ကား၊ သဘောကွဲလွဲခြင်း အနည်းငယ်မျှရှိလေသည်။ ဦးဆောင်ပြောဆိုသူပေါင်း ၇၁ ယောက်တို့က ကရင်နီဟူသောအမည်မှ ကယားဟူသောအမည်သို့ ပြောင်းလဲလိုကြောင်း၊ အခြား ၁၀ ယောက်တို့ကသော်၊ ကယာလိဟူသောအမည်သို့ ပြောင်းလဲလိုကြောင်း ထွက်ဆိုကြလေသည်။ အကြောင်းပြချက်များမှာ ကရင်နီဟူသော အမည်သည်၊ ကရင်ဟူသောအမည်နှင့် မကြာခဏရောထွေးမှားယွင်းခဲ့သည့်ပြင်၊ ကရင်နီဟူသောအမည်သည်၊ ၎င်းတို့အား မြန်မာတို့ကခေါ်ဆိုသောအမည်သာလျှင် ဖြစ်လေသည်။ ရှေးအခါက အချို့ပြည်နယ်သားများသည်၊ အင်္ကျီနီ၊ ဘောင်းဘီနီ စသောအဝတ်နီများကို ဝတ်ဆင်လေ့ရှိသောကြောင့် ဤသို့ခေါ်ဆိုခဲ့လေသည်။ သို့ရာတွင် ယခုအခါ ထိုသူတို့သည်၊ အဝတ်

အရောင်အမျိုးမျိုးကိုပင် ဝတ်ဆင်ကြသည့်အပြင် တိုင်းရင်းသားအချင်းချင်းကလည်း ထိုသူများအား ကယားဟုသာ ခေါ်ဆိုလေသည်။ ကယားဟု ခေါ်ဆိုခြင်းခံခဲ့ရသူများမှာ ကန္တာရဝတီနယ်၌သာလျှင် အများအားဖြင့် နေထိုင်သောလူမျိုးများ ဖြစ်သော်လည်း၊ ကျန်ကရင်နီပြည်နယ်တဝှမ်းလုံး၌ပင် နေထိုင်ကြသောအခြားလူမျိုးများ ဖြစ်ကြကုန်သော ပဒေါင်လူမျိုး၊ ပရဲလူမျိုး၊ ယင်းဘော်လူမျိုး၊ ယင်းတလဲလူမျိုး၊ မနုမနောလူမျိုး စသော လူမျိုးတို့အားလည်း ကယားဟုပင်ခေါ်နိုင်လေသည်။ ကရင်နီပြည်နယ်၌ကြာမြင့်စွာအမြဲနေထိုင်ပေါက်ပွါးဆင်းသက် သာသူ မြန်မာ၊ ရှမ်း၊ အင်းသား စသောသူတို့ကလည်း၊ ၎င်းတို့အား တိုင်းရင်းသားများနည်းတူ ကယားဟုပင်ခေါ်စေလိုကြောင်း ထွက်ဆိုကြသည်။ တော အရပ် ဒေသအချို့၌ မြန်မာစကားကိုမတတ်သူ ပြည်နယ်သားများသည်လည်း ကရင်နီဟုခေါ်လျှင် နားမလည်ဘဲ ကယားဟုခေါ်မှသာလျှင်၊ ၎င်းတို့ကိုခေါ်ဆိုကြောင်း နားလည်ကြသည်ဟုဆို၏။ (''ကယား'' ဟူသော တိုင်းရင်းဘာသာစကား၏အနက်ရင်းမှာ ''လူ'' ဖြစ်သည်။)

၁၆။ ကယားလီဟူသောအမည်ကိုကြိုက်နှစ်သက်သူတို့ကသော်၊ ကယားဟူသောစကား၏အနက်မှာ၊ လူ ဟုသာမဟုတ်၊ ကရင်ဟူ၍လည်း သက်နိုင်သေးသဖြင့်၊ ထိုကယားဟူသောစကားတွင် အနီဟု အဓိပ္ပါယ်ရှိသော တိုင်းရင်းသားဘာသာ လီ ဟူသောစကားကိုထည့်သွင်းမှသာ အခြားကရင်တို့နှင့် အခေါ်အားဖြင့်ကွဲပြားခြားနားလိမ့်မည်ဟုဆို၏။ သို့ရာတွင် ဤသို့ယူဆကြသောသူတို့ကား အထက်၌ဖေါ်ပြခဲ့သည့်အတိုင်း အနည်းငယ်မျှသာရှိသေသည်။ ထို့ကြောင့် ကယားနှင့်ကယားလီဟူသောအမည်နှစ်ရပ်တွင်၊ ကယားဟူသောအမည်ကိုသာ လူအနည်းငယ်တို့မှတပါး ပြည်နယ်သားအားလုံးလိုလိုပင် နှစ်သက်အလိုရှိကြသည်ဟု ဆိုရပေမည်။

၁၇။ ကရင်နီပြည်နယ်ကို ကရင်ပြည်နယ်တည်ထောင်သောအခါ၊ ကရင်ပြည်နယ်တွင်းသို့ ထည့်သွင်းပါဝင်ခြင်းနှင့်စပ်လျဉ်း၍သော်၊ အနည်းငယ်မျှ သဘောကွဲလွဲခြင်းမရှိကြချေ။ ကရင်နီပြည်နယ်သားအားလုံးသည်ပင်လျှင် မိမိတို့ပြည်နယ်ကို၊ ကရင်ပြည်နယ်တွင်းသို့ပါဝင်ရန်လုံးဝအလိုမရှိကြချေ။ကရင်နီပြည်နယ်မှာ ရှေးပဝေဏီကာလကပင်လျှင်ကိုယ်ပိုင်အုပ်ချုပ်သောသီးခြားပြည်နယ်တခုအဖြစ်ဖြင့်တည်ရှိခဲ့ရာ၊ကရင်ပြည်နယ်တွင်းသို့ပါဝင်ရမည်ဆိုလျှင်၊ ထိုအခြေအနေကို မိမိတို့ဆုံးရှုံးရမည်ဖြစ်သဖြင့် သဘောမတူနိုင်ဟူ၍၎င်း၊ လွန်ခဲ့သည့် ၂ နှစ်ကျော်လောက်မှစ၍ ကော၊အင်၊ဒီ၊အိုး၊သူပုန်များနှင့် ၎င်းတို့၏ဘက်တော်သားတို့သည်၊ ကရင်နီပြည်နယ်တွင်းသို့ ဝင်ရောက်တိုက်ခိုက်၍ ပြည်နယ်သားတို့၏ ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ အိုးအိမ်၊ စည်းစိမ်နှင့်တကွ အသက်ကိုပင် လုယက်တိုက်ခိုက်ဖျက်ဆီးသတ်ဖြတ်ခြင်း ပြုခဲ့သည့်အတွက်ကြောင့်လည်း၊ ထိုသူတို့အထဲတွင် အများအားဖြင့်ပါဝင်နေသော ကရင်ဖြူဟု ၎င်းတို့ခေါ်ဆိုသူများနှင့် မည်သည့်နည်းနှင့်မျှမပေါင်းနိုင်ဟူ၍၎င်း၊ ကရင်နီနှင့် ကရင်ဖြူတို့မှာ လူမျိုးချင်းလည်းမတူ၊ ဘာသာစကားချင်းလည်းခြားနား၊ စိတ်နေသဘောထားချင်းလည်းကွဲပြားသဖြင့်ကရင်နီနယ်သည်၊ ကရင်ပြည်နယ်တွင်းသို့ မည်သည့်နည်းနှင့်မျှ မပါဝင်နိုင်ဟူ၍၎င်း၊ ကရင်ပြည်နယ်ဟူ၍လည်း မည်သည့်အခါ၊ မည်သည့်နေရာ၌မျှ နောက်နောက်ကမရှိခဲ့ဘူးသည့်ပြင် မည်သည့်နေရာ၌ မည်သို့ဖွဲ့စည်း၍ ကရင်နီပြည်နယ်နှင့်မည်သို့ဆက်စပ်လျက်မည်သို့ဆက်ခံခြင်းရှိမည်ကိုလည်း မသိသဖြင့်၊ ထိုကရင်ပြည်နယ်တွင်းသို့ကရင်နီပြည်နယ်ကို ထည့်သွင်းရန် သဘောမတူနိုင်ဟူ၍၎င်း အမျိုးမျိုး အကြောင်းပြကြလေသည်။

# အခန်း ၃။

## ဆုံးဖြတ်ချက်များ။

၁၈။ ကရင်နီပြည်နယ် ဦးဆောင်သူ သက်သေများ၏ ထွက်ဆိုချက်နှင့် မေးခွန်းအဖြေတို့ကိုထောက်သော်၊ ကရင်နီပြည်နယ်စုံစမ်းရေးတွင် အခြေခံဖြစ်သောပြဿနာများအပေါ်၌ ဝေဖန်ဆုံးဖြတ်ရန် အသူးစုံစမ်းရေးကော်မီရှင်အဖွဲ့ အနည်းငယ်မျှခဲယဉ်းဘွယ်မရှိ၊ လွန်စွာရှင်းလင်းလွယ်ကူပေ၏။

၁၉။ ကရင်နီဟူသော လက်ရှိပြည်နယ်နှင့် လူမျိုး၏အမည်ကို ကယားဟူသောအမည်သို့ပြောင်းလဲရန်အလိုရှိ မရှိ ဟူသောပြဿနာအပေါ်၌သော်၎င်း၊ ကရင်နီပြည်နယ်ကို ကရင်ပြည်နယ်ဖွဲ့စည်းတည်ထောင်လျှင်၊ ကရင်ပြည်တွင်းသို့ သွတ်သွင်းပါဝင်ရန်အလိုရှိ မရှိ ဟူသောပြဿနာအပေါ်၌သော်၎င်း၊ အဖြေများမှာ လုံးဝလောက်ပင် တိုက်ဆိုင် ညီညွတ် ပြတ်သား ရှင်းလင်းလေသည်။ ကယားဟူသောအမည်ထက်၊ ကယားလိဟူသောအမည်ကို လိုလားသူအနည်းငယ်မျှရှိသော်လည်း မပြောပလောက်သဖြင့်၊ ဤကွဲလွဲချက်နှင့်စပ်လျဉ်း၍ အကျယ်ချဲ့ထွင် ဝေဖန်ရန်မလိုဟု ဤကော်မီရှင်က ယူဆပေ၏။ ကယားလိဟူသောအမည်ဖြင့်လည်း၊ တိုင်းရင်းသားအားလုံးတို့အားခေါ်ဆိုသည်မဟုတ်၊ အဝတ်နီများကို ဝတ်ဆင်လေ့ရှိသော လူတစုကိုသာ ခေါ်ဆို၍၊ တိုင်းရင်းသားအားလုံးတို့ကိုသော်၊ ကယားဟုသာလျှင် ခေါ်ဆိုလေ့ရှိပေရကား၊ ကယားလိဟူသော အမည်ထက်၊ ကယားဟူသောအမည်ကသာ၍သင့်လျော်သည်၊ ကယားဟူသောအမည်ကိုသာ ပြည်နယ်သားအားလုံးလောက်ပင် အလိုရှိသည်ဟူ၍ ကော်မီရှင်ကဆုံးဖြတ်ရပေမည်။

၂၀။ ကရင်နီဟူသောလက်ရှိအမည်ထက် ကသားဟူသောအမည်ကို ကြိုက်နှစ်သက်ကြသူများက ဖေါ်ပြကြသောအကြောင်းတို့မှာ အောက်ပါအတိုင်းဖြစ်လေသည်။

(၁) ကရင်ဟူသောစကားသည် တိုင်းရင်းဘာသာစကားမဟုတ်၊ မြန်မာစကားသာဖြစ်၍၊ တိုင်းရင်းသားတို့အား မြန်မာတို့ကခေါ်ဆိုသောအမည်သာဖြစ်လေသည်။

(၂) တိုင်းရင်းသားတို့အား၊ တိုင်းရင်းဘာသာစကားဖြင့် ကယားဟုသာခေါ်ဆိုလေသည်။

(၃) ကရင်နီဟူသောအခေါ်ကို တိုင်းရင်းသားတိုင်းမသိကြ၊ နားမလည်ကြ၊ ကယားဟူသောအမည်ကိုသာ အရပ်တိုင်း၌ တိုင်းရင်းသားများသိကြ၊ နားလည်ကြသည်။

(၄) ကရင်နီဟူသောအမည်သည်၊ ကရင်ဟူသောအမည်နှင့် မကြာခဏရောထွေးမှားယွင်းတတ်သဖြင့် အလိုမရှိအပ်။

၂၁။ စုံစမ်းစစ်ဆေးသည်မှ ထွက်ပေါ်လာသောအကြောင်းအလုံးစုံကို ဆင်ခြင်သော်၊ ကယားဟူသောစကားသည် တိုင်းရင်းသားအချင်းချင်း ခေါ်ဆိုသောစကားဖြစ်၍၊ လူ ဟုအနက်ရှိသည်ကို လက်ခံသင့်ပေသည်။ ကယားကိုပင် အချို့တိုင်းရင်းသားတို့က ကယန်ဟုရွတ်ဆိုရာ၊ ကယန်မှတဖန် မြန်မာဘာသာ (ကယင်) ကရင်ဟူသော

အခေါ်ဖြစ်ပေါ်လာသည်ဟု ယုံကြည်ရန်ရှိလေသည်။ မည်သို့ပင်ဖြစ်စေကာ၊ ကယား ဟူသောမူလစကားအတိုင်းသာ ပြည်နယ်သားတို့က မိမိတို့အား ခေါ်ဆိုရန်လိုလား ကြသည်ကို ယုံမှားဘွယ်မရှိချေ။ ဤသို့လိုလားကြသည်မှာလည်း၊ အခြားအကြောင်း များထက် မိမိတို့၏လူမျိုးနှင့်ပြည်နယ်၏ အမည်ကိုကရင်ဟူသောလူမျိုးနှင့် ပြည်နယ်၏ အမည်နှင့် ကွဲပြား ခြားနားလျက်၊ ရောထွေးမှားယွင်းခြင်း မရှိစေလိုခြင်း အကြောင်းမှာ အရင်းခံဖြစ်သည်ဟု ဤကော်မီရှင်ကယူဆပေ၏။ စုံစမ်းစစ်ဆေးခဲ့သော သက်သေများ အနက်၊ အချို့တို့သည် ကရင်နီဟူသောအမည်မှ ''ကရင်'' နှင့် မရောထွေးစေရန် အခြားအမည်တခုခုသို့လွှဲပြောင်းရလျှင်ကျေနပ်မည်ဖြစ်၍၊ မည်သည့်အမည်သို့လွှဲပြောင်း စေကာ အရေးမကြီးဟုထင်သူများရှိသည်ကိုလည်း ကော်မီရှင်လူကြီးများ သိရှိခဲ့ကြ လေသေး၏။

၂၂။ ကရင်နီပြည်နယ်သည် ဖွဲ့စည်းရန်ရည်ရွယ်ထားသော ကရင်ပြည်နယ် တွင်း၌ ပါဝင်ရန်အလိုရှိမရှိဟူသောမေးခွန်းနှင့် စပ်လျဉ်း၍သော်၊ သဘောကွဲလွဲခြင်း အလျဉ်းမရှိချေ။ မေးခွန်းအဖြေအားလုံးတို့နှင့် စစ်ဆေးသော သက်သေ ထွက်ချက် အားလုံးတို့၌ပင် ကရင်ပြည်နယ်တွင်းသို့ ကရင်နီပြည်နယ်ကို ထည့်သွင်းရန် လုံးဝ အလိုမရှိကြောင်း ပြတ်သားစွာဖေါ်ပြလျက်ရှိရာ၊ တိုင်းရင်းသားအားလုံးတို့သည် ပင် လျှင်၊ ထိုအချက်၌သဘောတူကြသည်ဟု ဤကော်မီရှင်ကဆုံးဖြတ်ရပေမည်။ ကရင် ပြည်နယ်တွင်းသို့ ကရင်နီပြည်နယ် မပါလိုဟူသောအကြောင်းရင်းမှာ၊ ကရင်နီလူမျိုး နှင့် ကရင်လူမျိုးတို့သည် လူမျိုးအားဖြင့်၎င်း၊ ဘာသာစကားအားဖြင့်၎င်း၊ စိတ်နေ သဘောထားတို့၌၎င်း၊ မတူဟူသောအချက်တို့ဖြစ်လေသည်။ သို့ရာတွင် ဤအချက် တို့ကို ကော်မီရှင်အဖွဲ့ကအရေးကြီးသည်ဟုမယူဆချေ။ မိမိတို့ပြည်နယ်အတွင်း၌ ပြင် ပသားများဖြစ်သောသူများ လာရောက်လွှမ်းမိုးခြင်းကို မခံချင်သောကြောင့်သော်၎င်း၊ လွန်ခဲ့သော ၂ နှစ်ကျော်အတွင်း၌ ပြင်ပသား ကော၊အင်၊ဒီ၊အို၊ သူပုန်တို့သည်၊ ကရင် နီပြည်နယ်တွင်းသို့ ဝင်ရောက်၍ လူထုအား အမျိုးမျိုးညှဉ်းပန်းနှိပ်စက်လုယက်ဖျက်ဆီး ခဲ့ခြင်းကြောင့်သော်၎င်း၊ ကရင်နီလူမျိုးတို့သည် ပြင်ပသားများဖြစ်ကြကုန်သော ကရင် လူမျိုးတို့နှင့် ပူးပေါင်း၍ ပြည်နယ်တခုတည်ထောင်နေထိုင်ရန် လုံးဝအလိုမရှိကြခြင်း သည်ကား ထင်ရှားပေ၏။ ပေါ်ထွက်သောအဓိကပြဿနာကြီးနှစ်ရပ်စလုံး အပေါ်၌ ပြည်နယ်သားများသည် လူမျိုးမရွေး၊ ဗယ္ဒဝါဒမရွေး စည်းစည်းလုံးလုံးသဘောချင်း တိုက်ဆိုင် ညီညွတ်လျက် ရှိကြသည်ကို ဤကော်မီရှင်က အသိအမှတ်မပြုဘဲ မနေနိုင် ချေ။

## အခန်း ၄။

### အကြံပေးထောက်ခံချက်များ။

၂၃။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနိဒါန်းတွင် ပြဆိုသည့်အတိုင်း နယ်စပ် ဒေသနှင့် ကရင်နီနယ်များအဝင်အပါမြန်မာနိုင်ငံတော်သစ်ကို အချုပ်အခြာအာဏာ ပိုင် လွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ်ဖြင့် အခိုင်အခံ့အညီအညွတ် တည်ထောင်ရန် သန္နိဋ္ဌာန်ချ၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကြီးကို တိုင်းပြည်ပြုလွှတ်တော်က ဥပဒေအဖြစ်ဖြင့် အတည်ပြုခဲ့သည်နှင့် အညီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဝည်တဲ့နိုင်ငံမြို့ အုပ်ချုပ်မှုသည်၊ ထိုအခြေခံဥပဒေကြီး ဖြစ်သည်ကို ယုံကြည်သည့်အတိုင်း၊ ထိုအခြေခံဥပဒေကို "ဘုရားတဆူဂူတလုံး" ကဲ့သို့ ၁၀စဉ်လေးစားလျက် အလွယ်တကူနှင့်ပြင်ဆင်ခြင်း။ ပြောင်းလဲခြင်းစသော ကိစ္စမျိုးကိုပြုလုပ်ရန်မသင့်လျော်ဟု ဤကော်မီတီက ယုံကြည်ပါသည်။ သို့ရာတွင် ထိုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ရေးဆွဲခြင်း၊ဆွေးနွေးခြင်း၊ အတည်ပြုခြင်းစသောကိစ္စများကို တိုင်းပြည်ပြုလွှတ်တော်၌ ဆောင်ရွက်စဉ်အခါက လိုက်နာခဲ့သောစည်းကမ်းနှင့် ထုံးတမ်းကိုလည်းဤကော်မီတီက သတိထားမိပါသည်။ ထိုစည်းကမ်းနှင့် ထုံးတမ်းမှာ ဒေသတခုနှင့်သော်၎င်း၊ လူမျိုးစုတခုနှင့်သော်၎င်း၊ စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်တခုကို ရေးဆွဲခြင်း၊ဆွေးနွေးခြင်း၊ အတည်ပြုခြင်း စသည်တို့ကို တိုင်းပြည်ပြုလွှတ်တော်၌ ပြုသည့် အခါတိုင်း၊ထိုသက်ဆိုင်ရာဒေသကိုယ်စားလှယ်၊ သို့မဟုတ် လူမျိုးစုကိုယ်စားလှယ်တို့၏ဆန္ဒကိုဦးစွာရယူလေ့ရှိ၏။ သက်ဆိုင်ရာကိုယ်စားလှယ်များ၏ သဘောတူညီချက်ကိုရရှိပြီးမှသာလျှင် တိုင်းပြည်ပြုလွှတ်တော်၏ဆန္ဒကို ရယူလေ့ရှိပါသည်။ သို့ရာတွင်ကရင်နီပြည်နယ်နှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကို ရေးဆွဲရာတွင်သော်၎င်း၊ ဆွေးနွေးရာတွင်သော်၎င်း၊ ကရင်နီပြည်နယ်ကိုယ်စားလှယ်များ၏ဆန္ဒကို မရယူနိုင်ခဲ့ပါ။ထိုအခါက ကရင်နီပြည်နယ်မှ ကိုယ်စားလှယ်များသည်၊ တိုင်းပြည်ပြုလွှတ်တော်တွင် ပါဝင်ခြင်းမရှိသေးသောကြောင့်ဖြစ်ပါသည်။ ကရင်နီပြည်နယ် ကိုယ်စားလှယ်များတိုင်းပြည်ပြုလွှတ်တော်သို့ တက်ရောက်လာသောအချိန်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတခုလုံးကို ရေးဆွဲပြီးသည့်အပြင် လွှတ်လပ်ရေးကြေညာမှုကို ဗြိတိသျှအစိုးရနှင့်ရက်ကန့်သတ်ပြီးအချိန်လည်း ဖြစ်လုက်ရှိလေသည်။ ကရင်နီပြည်နယ် ကိုယ်စားလှယ်များ စတင်တက်ရောက်သောအခါတွင် ထိုပုဂ္ဂိုလ်များအားပြည်နယ်သား များကအခြေခံဥပဒေပုဒ်မ ၁၈၀ ပါထိုပြည်နယ်နှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက် များကိုမလိုလားသဖြင့်ကန့်ကွက်ရန်တိုက်တွန်းလိုက်ကြောင်းကိုသိရလေသည်။သို့ရာတွင် ထိုကိုယ်စားလှယ်များသည် ကန့်သတ်ထားသောအချိန်အတွင်းတွင် လွှတ်လပ်ရေး ကြေညာရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုရန် လိုလားသဖြင့် ၎င်း၊ ပြည်ထောင်စုသားအားလုံးတို့သည် တသံတည်း၊ တသဘောတည်းဖြင့် အခြေခံ ဥပဒေကို ရေးဆွဲအတည်ပြုပြီးကြောင်းကိုပြလိုသောဆန္ဒရှိသဖြင့်၎င်း၊ ထို့အပြင် အခြေခံ ဥပဒေကိုဦးဆောင်ရေးဆွဲပြုလုပ်ကျသောခေါင်းဆောင်ကြီးများက၊ ကရင်နီပြည်နယ်သား များ၏ဆန္ဒနှင့် အညီအညွတ်ဖြစ်စေရန်၊ နောင်အခါတွင်ဆောင်ရွက်ပေးပါမည်ဟု ဝန်ခံ ချက်ကိုရရှိသဖြင့်၎င်း အဆိုပါပုဒ်မ ၁၈၀ နှင့်တကွ၊ကရင်နီပြည်နယ်နှင့်သက်ဆိုင်သော အခြားပြဋ္ဌာန်းချက်များကို ရေးဆွဲပြီးသည့်အတိုင်းပင် လက်ခံရန် သဘောတူခဲ့ကြလေ သည်၊ ထိုသို့ဝန်ခံကတိရှိသည့်အတိုင်း ဆောင်ရွက်ပေးရန်ကိုလည်း၊ ကရင်နီပြည် ကိုယ် စားလှယ်များသည်၊ မကြာခဏ တိုက်တွန်းခြင်းပြုခဲ့လေသည်။ နောက်ဆုံးတွင် ဤကော် မီရှင်ကို ဖွဲ့စည်းရခြင်းအကြောင်းရင်းဖြစ်သော ကရင်နီကိုယ်စားလှယ်အမတ် ဦးစိန်၏ အဆိုကို တိုင်းပြည်ပြုလွှတ်တော်၌ တင်သွင်းခြင်းပြုပါသည်။

၂၄။ ဤကော်မီရှင်အဖွဲ့က၊ ကရင်နီပြည်နယ်သားများ၏ဆန္ဒကို စုံစမ်းသဖြင့်သိရ သည့်အတိုင်းမှာ၊ ကရင်ပြည်နယ်တခုတည်ထောင်သောအခါတွင်၊ မည်သည့်နည်းနှင့်မျှ ကရင်နီပြည်နယ်ကို၊ ထိုပြည်နယ်သစ်နှင့် ပူးပေါင်းခြင်းပြုလိုသောဆန္ဒ မရှိကြောင်းဖြစ် ပါသည်။ ကရင်ပြည်နယ်သစ်တခုကို အခြေခံဥပဒေပုဒ်မ ၂၀၀ အရ၊ တည်ထောင်

၂၇။ အခြေခံဥပဒေပုဒ်မ ၁၇၀ ပါ လက်ရှိပြဋ္ဌာန်းချက် များသည်၊ ကရင်နီပြည်နယ်သားများ၏ စိတ်ချမ်းသာမှုကိုသာမဟုတ်၊ ကရင်ပြည်နယ်သစ် တည်ထောင်ရေးကိုလည်း အနှောက်အရှက်ဖြစ်လိမ့်မည်ဟုယူဆနိုင်သဖြင့်၊ ကရင်နီပြည်နယ်သားတို့အပြင် ကရင်လူမျိုးစုတို့ကလည်း၊ ထိုပြဋ္ဌာန်းချက်များကိုပြုပြင်ပေးရန် နောက်နောက်ကတောင်းဆိုခဲ့ကြဘူးရာ၊ ထိုလူမျိုးစုနှစ်ဦး၏ အလိုဆန္ဒအတိုင်း၊ ပြုပြင်ပေးခြင်းကို၊ ကရင်နီပြည်နယ်သားများသာမက၊ ကရင်လူမျိုးစုတို့ကလည်း၊ နှစ်သက်ကြလိမ့်မည်ဟုမြော်လင့်ပါကြောင်း။

စဝ်ခွန်ချို။
ဗိုလ်ခင်မောင်ကလေး။
ဦးတင် (မြန်အောင်)။
ဒူးဝါးဇော်လွန်း။
စောနော်တင်ဘွား။
သတိုးမဟာသရေစည်သူ ဦးချန်ထွန်း။
မဟာသရေစည်သူကပ္ပတိန် မန်းတုံးနုံး။
မဟာသရေစည်သူ ဦးစိန်။
ဦးမြင့်ထူး။
ဦးဖိုးလတ်။

၁၉၅၀ ခု၊ ဒီဇင်ဘာလ ၁၁ ရက်နေ့
## ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင်
## အဖွဲ့ဝင်လူကြီးများ။



ရှေ့တန်းမှထိုင်နေသူများ—

| | | | |
|---|---|---|---|
| စောနော်တင်ဘွား၊ ...ုင်ရေးရာကောင်စီ (သဘာပတိ)။ | ဗိုလ်ခင်မောင်ကလေး၊ သစ်တောနှင့်လယ်ယာ ဌာနဝန်ကြီး။ | စပ်ခွန်ချို K.S.M., M.A. (Cantab.) ရှမ်းပြည်နယ်နှင့်နိုင်ငံခြားရေး ဌာနဝန်ကြီး။ | သတိုးမဟာသရေစည်... ဦးချန်ထွန်း၊ နိုင်ငံတော်ရှေ့နေချုပ်... |

နောက်တန်းမှရပ်နေသူများ—

| | | | |
|---|---|---|---|
| ...ဟာသရေစည်သူ ဦးစိန် (ကရင်နီ)၊ ကရင်နီပြည်နယ်ပါလီမန်အတွင်းဝန်။ | ဒူးဝါးဆော်သွန်း၊ ကချင်ပြည်နယ်ကျွန်းသွားရေးနှင့် အခွန်တော်ဌာနဝန်ကြီး။ | ဦးမြင့်ထူး၊ ပြည်နယ်များဆိုင်ရာ ဥပဒေအကြံပေးအရာရှိ။ | ဦးဖိုးလတ်... ကရင်နီပြည်န... အတွင်းဝန်... |

...တင် (မြန်အောင်) နှင့် မဟာသရေစည်သူ ကျွတ်နီ မန်းတိုးနိုး ခရီးထွက်နေ၍ ဓါတ်ပုံတွင် မပါကြောင်...

# နောက်ဆက်တွဲ (က)။

## ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင် မေးခွန်းများ။

| မေး | ဖြေ |
|---|---|
| ၁။ (က) သင်သည် ကရင်နီပြည်နယ်သားတဦး ဖြစ်ပါသလား။ (ကရင်နီပြည်နယ်သားဆိုသည်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်သားဖြစ်၍၊ ကရင်နီပြည်နယ်၌မွေးဖွါးသူကိုသော်၎င်း၊ သာမန်အားဖြင့် အခြေစိုက်နေထိုင်သူကိုသော်၎င်း ဆိုလိုသည်။) | ၁။ ။ (က) |
| (ခ) သင်သည် ကရင်နီပြည်နယ်သားတဦး ဖြစ်လျှင်၊ သင်၏မျိုးနွယ်စုအမည်ကိုဖေါ်ပြပါ။ (မျိုးနွယ်စုဆိုသည်မှာ ကရင်နီ၊ ယင်းတလဲ၊ ပနှဲ၊ မနုမနော၊ ယင်းဘော်၊ ပဒေါင်း၊ ဂဲကိုး၊ ဂယ်ဗါး၊ ပကူး၊ မြန်မာ၊ မွန်၊ ရှမ်း၊ ယွန်း၊ တရုပ်၊ ကုလား၊ ဂေါ်ရခါးစသည် တို့ကိုဆိုလိုသည်။) | (ခ) |
| ၂။ သင်သည် ကရင်နီ ပြည်နယ်သားများကို "ကယား" လူမျိုးဟုခေါ်တွင်စေလိုပါသလား။ | ၂။ ။ |
| (က) ဤသို့ခေါ်တွင်စေလိုလျှင်၊ အဘယ်ကြောင့် ခေါ်တွင်စေလိုကြောင်းကို ဖေါ်ပြနိုင်က ဖေါ်ပြပါ။ | (က) |
| (ခ) ဤသို့ မခေါ်တွင် စေလိုလျှင်၊ အဘယ်ကြောင့် မခေါ်တွင်စေလိုကြောင်းကို ဖေါ်ပြနိုင်က ဖေါ်ပြပါ။ | (ခ) |
| ၃။ သင်သည် ကရင်နီပြည်နယ်ကို "ကယားပြည်နယ်" ဟုခေါ်တွင်စေလိုပါသလား။ | ၃။ ။ |
| (က) ဤသို့ခေါ်တွင်စေလိုလျှင်၊ အဘယ်ကြောင့် ခေါ်တွင်စေလိုကြောင်းကို ဖေါ်ပြနိုင်က ဖေါ်ပြပါ။ | (က) |

| မေး | ဖြေ |
|---|---|
| (ခ) ဤသို့ မခေါ်တွင် စေလိုလျှင်၊ အဘယ်ကြောင့် မခေါ်တွင် စေလိုကြောင်းကို ဖော်ပြနိုင်ပါက ဖော်ပြပါ။ | (ခ) |
| ၄။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၈၀ (၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။<br>"၁၈၀။ ။(၁) (က) ကရင်နီပြည်နယ်၊ (ခ) သံလွင်ခရိုင်၊ ထို့ပြင် (ဂ) နိုင်ငံတော်သမတ ခန့်ထားသည့် အထူးကော်မီရှင်အဖွဲ့က ဆုံးဖြတ် သတ်မှတ်သောကရင်အမျိုးသားများနေထိုင်ကြသည့် ကရင်နီပြည်နယ်နှင့် သံလွင်ခရိုင်တို့၏ဆက်စပ်ဒေသများကို၊ ထိုဒေသသုံးခု၌ နေထိုင်ကြသူများနှင့်တကွ ထိုဒေသများမှအပဖြစ်သော မြန်မာနိုင်ငံ၌ နေထိုင်ကြသည့် ကရင်အမျိုးသားများအနက်များရာက အလိုရှိခဲ့သော်၊ ပြည်ထောင်စု မြန်မာ နိုင်ငံအတွင်းတွင် ပြည်ထောင်စုအဖွဲ့ဝင်တခုအဖြစ် ဖွဲ့စည်းရမည်။ ထိုပြည်ထောင်အဖွဲ့ဝင်ကို 'ကရင်ပြည်နယ်'ဟု ခေါ်ရမည့်အပြင်၊ ရှမ်းပြည်နယ်၏ အဆင့်အတန်းမျိုးကိုလည်း ရရှိစေရမည်။" | ၄။ ။ |

## ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင် မေးခွန်းများ။

| မေး | ဖြေ |
| --- | --- |
| အကယ်၍ အထက်ပါ ဥပဒေပုဒ်မအရဖြစ်စေ၊ အခြား နည်းအရဖြစ်စေ ကရင်ပြည်နယ် တခုကို ဖွဲ့စည်း တည်ထောင်သောအခါ၊ သင်သည် ကရင်နီပြည်နယ်ကို အဆိုပါ ကရင်ပြည်နယ်တွင် ထည့်သွင်းပါဝင်စေ လိုပါသလား။ | |
| (က) ထည့်သွင်းပါဝင်စေလိုလျှင်၊ အဘယ်ကြောင့် ထည့်သွင်း ပါဝင်စေလိုကြောင်း ဖေါ်ပြ နိုင်က ဖေါ်ပြပါ။ | (က) |
| (ခ) မထည့်သွင်း မပါဝင်စေလို လျှင်၊ အဘယ်ကြောင့် မထည့်သွင်း မပါဝင်စေလို ကြောင်း ဖေါ်ပြနိုင်က ဖေါ် ပြပါ။ | (ခ) |

အထက်ပါအဖြေများမှာ၊ ကျွန်တော်၏သဘောအရ ဟုတ်မှန်စွာ ဖြေကြားခြင်း ဖြစ်ပါသည်။

လက်မှတ်_______________

အမည် _______________

အသက်_______________

အလုပ်အကိုင်_______________

မြို့ရွာ_______________

တိုက်_______________

နယ်_______________

နေ့စွဲ _______________

## ညွှန်ကြားချက်။

အထက်ပါမေးခွန်းများကို စာဖြင့်သော်၎င်း၊ လူကိုယ်တိုင် ကော်မီရှင်ထံသို့ လာရောက်အစစ်ခံ၍သော်၎င်း ဖြေဆိုနိုင်ပါသည်။ စာဖြင့်ရေးသားထားသော အဖြေများကို၊ ကရင်နီပြည်နယ် အရေးပိုင်မင်းထံသို့ မေလ ၂ ရက်နေ့ထက် နောက်မကျစေဘဲ အရောက်ပေးပို့ရမည်။ လူကိုယ်တိုင် ကော်မီရှင်ထံသို့ လာရောက်အစစ်ခံလိုသူများမှာ၊ မိမိတို့အမည်များကို ကရင်နီပြည်နယ် အရေးပိုင်မင်းထံ ဧပြီလ ၁၉ ရက်နေ့ထက် နောက်မကျစေဘဲ ပေးပို့ထားပြီးလျှင်၊ လွယ်ကော်မြို့၌ အဆိုပါနေ့တွင် အဆင်သင့်ရှိနှင့်စေရမည်။

---

# နောက်ဆက်တွဲ (ခ)။

## ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင်၏ လွယ်ကော်မြို့တွင် စုံစမ်းစစ်ဆေးချက်များ။

၁၉၅၀ ခု၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် လွယ်ကော်မြို့သို့ စုံစမ်းစစ်ဆေးရန်ရောက်ရှိသော ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင်အဖွဲ့ဝင်လူကြီးများမှာ—

(၁) စဝ်ခွန်ချို၊ ရှမ်းပြည်နယ်နှင့် နိုင်ငံခြားရေးဝန်ကြီး၊ (ဥက္ကဋ္ဌ)
(၂) မိုလ်ခင်မောင်ကလေး၊ သစ်တောရေးနှင့် လယ်ယာစိုက်ပျိုးရေးဌာန ဝန်ကြီး။
(၃) ဒူးဝါးဇော်လွန်း၊ ကချင်ပြည်နယ် ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန ဝန်ကြီး။
(၄) စောနော်တင်ဘွား၊ ကရင်ရေးရာကောင်စီ သဘာပတိ။
(၅) သတိုးမဟာသရေစည်သူ ဦးချန်ထွန်း၊ နိုင်ငံတော်ရှေ့နေချုပ်။
(၆) ဦးမြင့်ထူး၊ ပြည်နယ်များဆိုင်ရာ ဥပဒေ အကြံပေးအရာရှိ။
(၇) မဟာသရေစည်သူ ဦးစိန်၊ ကရင်နီပြည်နယ်ဝန်ကြီး၏ပါလီမန် အတွင်းဝန်။
(၈) ဦးဖိုးလတ်၊ ကရင်နီပြည်နယ်ဝန်ကြီး၏ အတွင်းဝန် (အတွင်းရေးမှူး)။

နေ့လည် ၁ နာရီအချိန်တွင် အစည်းအဝေးတခုပြုလုပ်၍၊ ကရင်နီပြည်နယ်မှတက်ရောက်လာကြသော လူထုခေါင်းဆောင်များကို အောက်ပါအတိုင်း စစ်ဆေးပါသည်။

### ဒေါ်ရခူတိုက်မှ ခေါင်းဆောင်များအဖြစ်ဖြင့် အစစ်ဆေးခံလာသော လူကြီးများ။

| | အမည်။ | | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|---|---|
| (၁) | လွိဇီ | .... | ၃၄ | မြို့အုပ် | ယင်းဘော် | ခရစ်ယာန် | ဒေါ်ရခူ။ |
| (၂) | နီးမား | .... | ၅၀ | တောင်ယာ | ပဒေါင်း | ၎င်း | လိုဘခို။ |
| (၃) | ဖေါ်ကြူး | .... | ၅၀ | ၎င်း | ၎င်း | ၎င်း | ယူစောမောစော။ |
| (၄) | လေး | .... | ၅၀ | ၎င်း | ၎င်း | ၎င်း | ဒေါ်ရခူ။ |
| (၅) | ပလောင်ဒီ | .... | ၄၃ | ၎င်း | ၎င်း | ၎င်း | ၎င်း |
| (၆) | လခမ်း | .... | ၅၈ | ၎င်း | ၎င်း | ၎င်း | ၎င်း |

စဝ်ခွန်ချို။ ။ခင်များတို့ဒီနေ့ ဒီနေရာကို ဘယ်ကိစ္စနှင့်လာရောက်ကြသလဲ။

လွိဇီ။ ။ကျွန်တော်တို့ယခု ကရင်နီပြည်နယ်ကို ကယားပြည်နယ်ဟု နာမည်ပြောင်း၍ သီးခြားပြည်နယ်အဖြစ်ထားရန်အတွက် လာကြပါတယ်။

စဝ်ခွန်ချို။ ။ခင်ဗျားတို့ပြည်နယ်ကို ဘယ်လိုခေါ်ချင်ပါသလဲ။

လွိုဇီ။ ။ကျွန်တော်တို့ပြည်နယ်ကို ကယားပြည်နယ်လို့ ခေါ်ချင်ပါတယ်။ ဘယ်အတွက်ကြောင့်လဲဆိုလျှင် ရှေးတုန်းက ကျွန်တော်တို့ပြည်နယ်ကို ကျွန်တော်တို့ဘာသာဖြင့် ယခုလိုဘဲအားလုံးခေါ်ကြပါတယ်။

မိုလ်ခင်မောင်ကလေး။ ။ခင်ဗျားတို့ဘာပြုလို့ သီးခြားပြည်နယ်အဖြစ်ဖြင့် နေချင်ပါသလဲ။

လွိုဇီ။ ။ကျွန်တော်တို့ရှေးတုန်းကလွတ်လပ်စွာနှင့် သီးခြားပြည်နယ်အဖြစ်နေထိုင်လာခဲ့ခြင်းကြောင့်ယခုလည်းသီးခြားပြည်နယ်အဖြစ်နေချင်ပါတယ်။

စဝ်ခွန်ချို။ ။ယခုပြောတာ ခင်ဗျားတယောက်အနေနှင့်ပြောသလား၊ သို့မဟုတ် ဘယ်လိုအနေမျိုးနှင့်ပြောသလဲ။

လွိုဇီ။ ။ကျွန်တော်တို့ ယခုပြောခြင်းကတော့ ရွာပေါင်း ၁၂ ရွာကလူတွေကို အစည်းအဝေးခေါ်ပြီး မေးကြည့်တဲ့အခါမှာ အားလုံးသဘောတူသည့်အတိုင်း ပြောပါတယ်။

မိုလ်ခင်မောင်ကလေး။ ။အစည်းအဝေးလုပ်တာဘယ်တုန်းကလဲ။

လွိုဇီ။ ။မြန်မာပြည်လွတ်လပ်ရေးရပြီးမှလည်းအစည်းအဝေးလုပ်ပါတယ်။ ထို့အရင်တခါတုန်းကလဲ သူတို့တတွေအားလုံးက သီးခြားနယ်လိုချင်ပါတယ်လို့ ပြောဘူးပါတယ်။

မိုလ်ခင်မောင်ကလေး။ ။ယခုကိုးကွယ်နေကြတာဘယ်ဘာသာကများသလဲ။

လွိုဇီ။ ။ယခုကိုးကွယ်နေကြတာ ၃ မျိုးရှိပါတယ်၊ နတ်ကို ကိုးကွယ်ခြင်း၊ ခရစ်ယန်ဘာသာကို ကိုးကွယ်ခြင်း၊ ဗုဒ္ဓဘာသာကို ကိုးကွယ်ခြင်း။ ကျွန်တော်တို့တိုက်နယ်တွင် အများဆုံးကိုးကွယ်တာကတော့ ခရစ်ယန်ဘာသာဖြစ်ပါတယ်။

စောနော်တင်ဘွား။ ။ဘယ်အတွက် ကယားပြည်လို့ခေါ်ချင်သလဲ။

လွိုဇီ။ ။အားလုံးဘဲ ကယားလူမျိုး အရင်းခံဖြစ်တဲ့အတွက် ကယားလို့ခေါ်ချင်ပါတယ်။

စောနော်တင်ဘွား။ ။အားလုံးရှိပြီး အရင်ကခေါ်တဲ့အတိုင်း ခေါ်ချင်သလား။

လွိုဇီ။ ။အားလုံးရှိပြီး ကယားလို့ ခေါ်ချင်ပါတယ်။

ဦးစိန်။ ။ကရင်နီပြည်နယ်အဖြစ်ဖြင့် သီးခြားပြည်နယ်နေဘို့ကိစ္စ ရှင်းသွားအောင် ဘာပြောချင်သေးသလဲ။

လွိုဇီ။ ။ပြောဘို့ကိစ္စမရှိတော့ပါ။

စောနော်တင်ဘွား။ ။ယခုကျွန်တော်တို့ ပြည်ထောင်စုအစိုးရက ကရင်ပြည်ကို သီးခြားပေးမယ်လို့ပြောတယ်၊ ခင်ဗျားတို့ ကရင်ပြည်နယ်ထဲကို ပါဝင်ချင်ပါသလား။

လွိုဇီ။ ။ကျွန်တော်တို့မပါဝင်ချင်ပါ၊ သီးခြားပြည်နယ်အနေဖြင့်ပင်နေချင်ပါတယ်။

ဦးစိန်။ ။ကရင်နီပြည်နယ်ကို သီးခြားထားစေချင်တယ်ဆိုတာကို အရင်တုန်းက ပြောဘူးသလား။

လွှိဇီ။ ။လွတ်လပ်ရေးမပေးမီက ကျွန်တော်တို့လူပေါင်း ၂,၀၀၀၊ ၃,၀၀၀ အစည်းအဝေးလုပ်ပြီးပြောဘူးပါတယ်။ လွတ်လပ်ရေးရပြီးနောက်မှလည်း သည်အတိုင်းဘဲပြောကြပါတယ်။

ဦးဖိုးလတ်။ ။ခင်များတို့တိုက်နယ်ကလူပေါင်းဘယ်နှစ်ယောက်လာကြပါသလဲ။

လွှိဇီ။ ။လူပေါင်း ၃၀ လာကြပါတယ်။ တက်ရောက်ကြသော ရွာခေါင်းဆောင်များအားလုံးကပင် ကျွန်တော်တို့ပြောသည့်အတိုင်း သဘောတူပါတယ်။

ဖါစောင်းတိုက်မှ တက်ရောက်အစစ်ဆေးခံသောလူကြီးများ။

| | အမည်။ | | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|---|---|
| (၁) | မောင်လိတ် | .... | ၄၀ | ကုန်သည် | ရှမ်း | ဗုဒ္ဓဘာသာ | ဖါစောင်း။ |
| (၂) | ဗန္ဓုလ | .... | ၄၀ | လယ်သမား | ၎င်း | ၎င်း | ၎င်း |
| (၃) | စဒူး | .... | ၃၀ | မြို့အုပ် | ယင်းဒလဲ | ၎င်း | ၎င်း |
| (၄) | ဦးစိုင်း | .... | ၄၇ | ကုန်သည် | ရှမ်း | ၎င်း | ၎င်း |

စပ်ခွန်ချို။ ။ကျွန်တော်တို့ကို ဘယ်အတွက်လာပြီးတွေ့ကြသလဲ။

စဒူး။ ။ကျွန်တော်တို့ပုဒ်မ ၁၀၀ ကို အလိုမရှိခြင်းကြောင့်လာပြီးတွေ့ပါတယ်။

ဗိုလ်ခင်မောင်ကလေး။ ။ကရင်နီပြည်နယ်နှင့် ကရင်နီလူမျိုးကို ဘယ်လိုခေါ်ချင်ပါသလဲ။

စဒူး။ ။ကယားပြည်နယ်၊ ကယားလူမျိုးဟု ခေါ်ချင်ပါတယ်။

ရွှေနေချုပ်။ ။ကရင်နီပြည်နယ်ကို နာမည်ပြောင်းလိုသလား၊ ယခုလိုအတိုင်းဘဲ ခေါ်ချင်သလား။

စဒူး။ ။ကရင်နီပြည်နယ်ကို နာမည်ပြောင်းလျှင် ကယားလီလို့ ပြောင်းချင်ပါတယ်။

စပ်ခွန်ချို။ ။ယခုပြောတာ ခင်များတယောက်အနေနှင့်ပြောသလား၊ သို့မဟုတ် အစည်းအဝေးလုပ်ပြီးပြောသလား။

စဒူး။ ။ကျွန်တော်တို့ရွာပေါင်း ၇ ရွာ၊ ၈ ရွာမှ လူပေါင်းများစွာကိုခေါ်ပြီး အစည်းအဝေးလုပ်ကြတဲ့အခါမှာ အားလုံးကဘဲ သည်အတိုင်း သဘောတူပါတယ်။

ရွှေနေချုပ်။ ။ကယားလီဆိုတာ အဓိပ္ပါယ်ဘာရှိပါသလဲ။

စဒူး။ ။ကယားက ကရင်ဆိုပါတယ်၊ လီ ဆိုတာက နီ လို့ဆိုပါတယ်၊ ထိုကြောင့် ကယားလီလို့ ခေါ်ချင်ပါတယ်။

ဗိုလ်ခင်မောင်ကလေး။ ။ယခုပြောနေကြတဲ့ ကရင်နီ၊ ကယား၊ ကယားလီဆိုတဲ့ နာမည်တွေထဲမှာ ဘယ်နာမည်ကို သဘောတူပါသလဲ။

စဒူး။ ။အားလုံးသောလူများကဘဲ ကယားလီကို သဘောကျပါတယ်။ ဘာကြောင့်လဲဆိုလျှင်၊ ကယားဆိုလျှင် ကရင်နှင့်မကွဲပါ၊ ထို့ကြောင့် ကယားလီလို့ ခေါ်ချင်ပါတယ်။

ဦးဖိုးလတ်။ ။ခင်ဗျားတို့တိုက်မှ လူပေါင်းဘယ်နှစ်ယောက် ယခုအစည်းအဝေးကို တက်ရောက်ကြပါသလဲ။

စဒူး။ ။လူပေါင်း ၂၈ ယောက် တက်ရောက်ပါတယ်။ တက်ရောက်ကြသော ရွာခေါင်းဆောင်များအားလုံးကပင် ကျွန်တော်တို့ပြောသည့်အတိုင်းသဘောတူပါတယ်။

နန်းဖဲတိုက်မှတက်ရောက်အစစ်ခံကြသောလူကြီးများ။

| | အမည်။ | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|---|
| (၁) | ဝါရိန္ဒ .... | ၄၅ | ကုန်သည် | ရှမ်း | ဗုဒ္ဓဘာသာ | နန်းဖဲရွာ။ |
| (၂) | ဦးစံလှ .... | ၃၈ | တောင်ယာလုပ် | ၎င်း | ၎င်း | ဒေါရခူ။ |
| (၃) | ဘုဒူး .... | ၃၁ | တိုက်သူကြီး | ယင်းဒလဲ | ၎င်း | နန်းဖဲ။ |
| (၄) | ခမ်းမိုင် .... | ၃၆ | တောင်ယာလုပ် | ရှမ်း | ၎င်း | ဒေါရခူ။ |
| (၅) | ကိုချစ်လှိုင် | ၃၀ | ၎င်း | ယင်းဒလဲ | ၎င်း | ဘောလခဲ။ |

စဝ်ခွန်ချို။ ။ခင်ဗျားတို့ဘာကိစ္စလာကြသလဲ။

ဘုဒူး။ ။ကရင်ပြည်နယ်နှင့်ကသားပြည်နယ်ခွဲခြားဘို့လာခြင်းဖြစ်ပါတယ်။

မိုလ်ခင်မောင်ကလေး။ ။ခင်ဗျားတို့လူမျိုးနှင့်ပြည်နယ်ကို ဘယ်လိုခေါ်ချင်သလဲ။

ဦးစံလှ။ ။ကယားလီလို့ခေါ်ချင်ပါတယ်။

ရွှေနေချုပ်။ ။ကရင်နီ၊ ကယား၊ ကယားလီ နာမည်သုံးမျိုးအနက် ဘယ်နာမည်ကိုကြိုက်သလဲ။

ဘုဒူး။ ။ကယားလီကိုကြိုက်ပါတယ်၊ ကယားဆိုတာ အဖြူနှင့်အနီခွဲခြား၍ မရသဖြင့် ကယားလီလို့ခေါ်ချင်ပါတယ်။

စောနော်တင်ဘွား။ ။ကျွန်တော်တို့ ပြည်ထောင်စု နိုင်ငံတော်အစိုးရက ကရင်ပြည်နယ်ကိုသီးခြားပြည်နယ်အဖြစ်ပေးမည်၊ သည်တော့ခင်ဗျားတို့ ကရင်ပြည်နယ်ထဲမှာ ပါဝင်ချင်ပါသလား။

ဘုဒူး။ ။ကရင်ပြည်နယ်ထဲမှာမပါဝင်ချင်ပါဘူး၊ဘာကြောင့်လဲဆိုလျှင်ဝါဒချင်းလဲမတူ၊ စိတ်ဓါတ်ချင်းလဲမတူ၊ နှိပ်စက်ခြင်းကများပါသဖြင့် မပါချင်ခြင်းဖြစ်ပါတယ်။

စဝ်ခွန်ချို။ ။ခင်ဗျားတို့ရွာပေါင်းဘယ်နှစ်ရွာရှိသလဲ၊ လူမျိုး ဘယ်နှစ်မျိုးရှိသလဲ။

ဘုဒူး။ ။အားလုံးပေါင်း ၁၀ ရွာရှိပါတယ်၊ လူမျိုးဆိုလျှင် ရှမ်း၊ မနုမနော၊ ယင်းဒလဲ၊ ပရဲ့၊ကရင်နီလူမျိုးများရှိပါတယ်။

ရွှေနေချုပ်။ ။ခင်ဗျားတို့အချင်းချင်းဘယ်လိုခေါ်သလဲ။

ဦးစံလှ။ ။တယန်လီ၊ သို့မဟုတ် မြန်မာလိုအားဖြင့်ယင်းဒလဲလို့ခေါ်ပါတယ်။

ဦးဖိုးလတ်။ ။ခင်ဗျားတို့တိုက်နယ်က လူပေါင်းဘယ်လောက်လာသလဲ။

ဘုဒူး။ ။ကျွန်တော်တို့တိုက်နယ်ကလူပေါင်း ၂၇ ယောက်လာပါတယ်။

စောနော်တင်ဘွား။ ။ခင်ဗျားတို့ဘာပြောချင်ပါသေးသလဲ။

ဘုဒူး။ ။အားလုံးက ကယားပြည်နယ်ခွဲခြားဘို့ဘဲအလိုရှိပါတယ်။

## နောင်ပလဲတိုက်မှတက်ရောက်အစစ်ခံကြသောလူကြီးများ။

| | အမည်။ | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|---|
| (၁) | ထေရဲ့ .... | ၄၆ | လယ်ယာလုပ် | ကယား | ခရစ်ယာန် | ဒေါ့တငူရွာ။ |
| (၂) | တီရဲ့ .... | ၃၅ | ၎င်း | ၎င်း | နတ် | ၎င်း |
| (၃) | လရာတယ် | ၄၀ | ၎င်း | ၎င်း | ၎င်း | ဒေါ့နိဂူရွာ။ |
| (၄) | မသဲ .... | ၃၀ | တရားဟောဆရာ | ယင်းဘော် | ခရစ်ယာန် | ဆီပိဆိုတာ။ |
| (၅) | ကီးရွဲ .... | ၄၀ | လယ်လုပ် | ကယား | နတ် | ဆိုတဲဂူရွာ။ |

စဝ်ခွန်ချို။ ။ခင်များတို့ဘာကိစ္စနှင့်လာကြသလဲ။

ထေရဲ့။ ။ကျွန်တော်တို့ပုဒ်မ ၁၀၀ ကိုဖျက်ဘို့ကိစ္စနှင့်လာခြင်းဖြစ်ပါတယ်။

ရွှေနေချုပ်။ ။ပြည်နယ်နာမည်ကိုပြောင်းချင်ပါသလား။

ထေရဲ့။ ။မပြောင်းချင်ပါဘူး၊ ရှေးဘိုးဘွား အဆက်ဆက်ကစပြီး ကယားလို့ ခေါ်ပါတယ်။ ကျွန်တော်တို့သဘောကတော့ ကယားလီဖြစ်ဖြစ်၊ ကရင်နီဖြစ်ဖြစ်၊ ကယားဖြစ်ဖြစ် ခေါ်ချင်ရာခေါ်ပါ၊ကြိုက်ပါတယ်။

ရွှေနေချုပ်။ ။ဘယ်အမည်ကိုအကြိုက်ဆုံးလဲ။

တီရဲ့။ ။ကယားလီကိုဘဲကြိုက်ပါတယ်။

မသဲ။ ။ကယားလို့ခေါ်လိုပါတယ်။

လရာတယ်။ ။ကယားလို့ခေါ်လိုပါတယ်။

ကီးရွဲ။ ။ကယားလီလို့ခေါ်ချင်ပါတယ်။

ရွှေနေချုပ်။ ။ကယားလီကို ကရင်နီလို့ခေါ်ရင် ကန့်ကွက်စရာရှိသလား။

ထေရဲ့။ ။ကယားလို့ ခေါ်ချင်ပါတယ်၊အရင်တုန်းက ကရင်နီဆိုတဲ့လူတွေဟာ အင်္ဂလိပ်တွေ၊ ဘောင်းဘီနီ အစစအရာရာ အနီများကိုဘဲဝတ်ကြပါတယ်၊ ယခုတော့ အရောင်အမျိုးမျိုးကိုဝတ်ကြပါတယ်၊ ဒါကြောင့် ကယားလို့ခေါ်သင့်ပါတယ်။

ဦးဖိုးလတ်။ ။ခင်များတို့တိုက်နယ်မှလူပေါင်းဘယ်လောက်လာသလဲ။

ထေရဲ့။ ။ကျွန်တော်တို့လူပေါင်း ၂၇ ယောက်လာပါတယ်။

ရွှေနေချုပ်။ ။ခင်များတို့ရွာပေါင်းဘယ်နှစ်ရွာရှိသလဲ။

မသဲ။ ။အားလုံးပေါင်း ၁၃ ရွာရှိပါတယ်၊ သည်ရွာအားလုံးက လူတွေကလဲ ကယားလို့ခေါ်ချင်ပါတယ်။

## နန်းမယ်ခုံတိုက်မှတက်ရောက်အစစ်ခံသောလူကြီးများ။

| | အမည်။ | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|---|
| (၁) | ကောင်းဖေါ် | ၄၈ | ရွာသူကြီး | ကယား | ခရစ်ယာန် | သေးဆူလဲရွာ။ |
| (၂) | ဆူဒါး .... | ၅၀ | ၎င်း | ၎င်း | ၎င်း | လားလဲရွာ။ |
| (၃) | ဦးထွန်း .... | ၅၁ | ကုန်သည် | ရှမ်း | ဗုဒ္ဓဘာသာ | ဒေဘာဂူရွာ။ |

နန်းမယ်ခံတိုက်မှတက်ရောက်အစစ်ခံသောလူကြီးများ။ ။အဆုံး။

| | အမည်။ | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|---|
| (၄) | လကောင်း | ၃၆ | ရွာသူကြီး | ကယား | ခရစ်ယာန် | ဝါတောခိုရွာ။ |
| (၅) | ဗျာဒု | ၃၆ | တိုက်သူကြီး | ၎င်း | ၎င်း | ထောအာခူရွာ။ |
| (၆) | ဦးနန္ဒာ | ၄၀ | ရွာသူကြီး | ရှမ်း | ဗုဒ္ဓဘာသာ | ဆင်တောင်ရွာ။ |

စဝ်ခွန်ချို။ ။ကရင်ပြည်နှင့်ပေါင်းချင်ပါသလား။

ကောင်းဖေါ့။ ။ကရင်နှင့်မပေါင်းချင်ပါ၊ ကျွန်တော်တို့သူတို့ပြည်နယ်ကို တခါမှ မကြားဘူး၊ ရောက်လည်း မရောက်ဘူးပါ၊ ရှေးပဝေသဏီအခါကစပြီး ကျွန်တော်တို့ ပြည်သီးခြား နေလာခဲ့ပါဘယ်။ ကျွန်တော်တို့ပြည်ကိုလဲ ကယားလို့ခေါ်ခဲ့ကြပါတယ်၊ ဒါကြောင့်ယခုလဲ ကယားလို့ပင်ခေါ်ချင်ပါတယ်၊ ကယားလိဆိုတာ နောက်မှပေါ်ခြင်း ဖြစ်ပါတယ်။

ရွှေနေချုပ်။ ။ယခုကရင်နီလို့ခေါ်တဲ့လူမျိုးတွေကိုတော့၊ ဘာလူမျိုးလို့ ခေါ်ချင်ပါသလဲ။

ဦးထွန်း။ ။ကယားလူမျိုးလို့ခေါ်ချင်ပါတယ်၊ ကျွန်တော်တို့အစည်းအဝေးလုပ်ပြီးမှ လူတွေအားလုံးက ကယားပြည်၊ ကယားလူမျိုးလို့ ခေါ်ချင်ပါတယ်ဟု ဆုံးဖြတ်ပါတယ်၊ ရှေးအခါတုန်းကဆိုလျှင်၊ ဗမာဘုရင်၊ ကယားဘုရင်၊ ဒါတဲကြားဘူးပါတယ်၊ ကရင်ဘုရင်ဟုမရှိခဲ့ပါ၊ ကယားဘုရင်ရဲ့မြို့တော် စေါလုံမှာနန်းတော်ကြီးတွေ၊ ဒါးစကြာကြီးတွေရှိပါတယ်၊ သည့်အတွက်ကြောင့်ကသားပြည်နယ်ကို သီးသန့်ထားပေးစေချင်ပါတယ်။

ဦးဖိုးလတ်။ ။ခင်ဗျားတို့တိုက်နယ်မှလူပေါင်းဘယ်နှစ်ယောက်လာသလဲ။

ကောင်းဖေါ့။ ။ကျွန်တော်တို့တိုက်နယ်မှလူပေါင်း ၃၁ ယောက်လာကြပါတယ်။

ရွာပေါင်း ၂၉ ရှိ၊ ပရဲ့တိုက်မှ တက်ရောက်အစစ်ခံသော လူကြီးများ။

| | အမည်။ | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|---|
| (၁) | ကိုချစ်ပန်း | ၄၂ | နယ်အုပ် | ပရဲ့ | ခရစ်ယာန် | ဖရူဆိုရွာ။ |
| (၂) | မယ်သော | ၃၀ | တောင်ယာလုပ် | ၎င်း | ၎င်း | ဟိုယာရွာ။ |
| (၃) | အံထော်နီ | ၃၀ | တရားဟောဆရာ | တောင်သူ | ၎င်း | ခါးပဲ့ရွာ။ |
| (၄) | သာနု | ၃၁ | တောင်ယာလုပ် | ပရဲ့ | ၎င်း | ဟိုယာရွာ။ |
| (၅) | နာဗိုး | ၄၅ | တိုက်အုပ် | ၎င်း | ၎င်း | ကေကောရွာ။ |
| (၆) | ရွှေအောင် | ၃၀ | နယ်အုပ် | ၎င်း | ၎င်း | ဟာအိုရွာ။ |

စဝ်ခွန်ချို။ ။ယခုကျွန်တော်တို့ကိုဘာကိစ္စလာတွေ့ပါသလဲ။

အံထော်နီ။ ။ကရင်နီပြည်ကို ကယားပြည်နယ် အမည်သို့ ပြောင်းပေးရန်နှင့် ကရင်နီပြည်ကိုကရင်ပြည်နှင့်ပူးပေါင်းရန် ပါရှိသော ပုဒ်မ ၁၇၀ ကို ကန့်ကွက်ရန် ကျွန်တော်တို့လာတွေ့ပါတယ်။

ရွှေနေချုပ်။ ။ပကူးနှင့်မပေါင်းချင်ဘူးလား။

အံထော်နီ။ ။မပေါင်းချင်ပါဘူး၊ဘယ်အတွက်ကြောင့်လဲဆိုလျှင်၊ သူတို့မှာ ရှေးအခါကပင် တိတိကျကျ ကရင်ပြည်နယ်မရှိဘူး၊ သူတို့က ကရင်ဖြူလူမျိုး၊ကျွန်တော်တို့က

ကယားလူမျိုးဖြစ်၍ လူမျိုးချင်းသဲမတူပါ၊ စိတ်သဘောချင်းလဲ မဘူပါ၊ စကားလဲကွဲပါတယ်၊ သူတို့ကအစိုးရကိုလည်း ပုန်ကန်တယ်၊ ကျွန်တော်တို့ကိုလည်း အနှောက် အရှက်ပြုလုပ်တယ်၊ သည့်အတွက်ပကူးနှင့်မပေါင်းချင်ပါ။

ရွှေနေချုပ်။ ။ခင်များဘို့ယခုပြောနေကြတာဟာ ရွာပေါင်းအားလုံးကလူကြီးတွေနှင့်တိုင်ပင်ပြီးပြီလား၊ သူတို့ကဘယ်ဟာကိုကြိုက်ကြပါသလဲ။

အံယော်နီ။ ။ကျွန်တော်တို့ လူကြီးများအားလုံးက ကျွန်တော်တို့ကို ကိုယ်စားလှယ်အဖြစ်စေလွှတ်ပြီး၊ ကရင်နီပြည်နယ်ကိုသီးခြားထား၍၊ကယားပြည်နယ်ဟု နာမည်ပြောင်းရန်အတွက် ကော်မီရှင်အဖွဲ့ဝင်လူကြီးများအား လျှောက်ထားရန် တာဝန်ပေးလိုက်ပါတယ်။

ဦးဖိုးလတ်။ ။ခင်များတို့တိုက်မှလူပေါင်းဘယ်လောက်လာပါသလဲ။

အံယော်နီ။ ။ကျွန်တော်တို့တိုက်မှ လူပေါင်း ၈၂ ယောက်လာပါတယ်။

ရွာပေါင်း ၂၈ ရှိ ကြယ်ဖိုးကြီးနယ်၊မြို့မတိုက်မှလာရောက်အစစ်ခံသောလူကြီးများ

| | အမည်။ | | အသက်။ | အလုပ်အ ကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|---|---|
| (၁) | မိုးရွဲ | .... | ၃၇ | စာရေး | ကယား | ခရစ်ယာန် | မိုဆိုရွာ။ |
| (၂) | ကိုးရဲ့ | .... | ၃၀ | လယ်လုပ် | ၎င်း | နတ် | လောဝါရွာ။ |
| (၃) | ပကူး | .... | ၃၅ | ၎င်း | ၎င်း | ၎င်း | ကဒါလရွာ။ |
| (၄) | ပကူး | .... | ၄၀ | တောင်ယာလုပ် | ၎င်း | ခရစ်ယာန် | ညောင်ဇင်။ |
| (၅) | အကိုစတီးနီး | | ၄၀ | တိုက်အုပ် | ၎င်း | ၎င်း | ခန့်ဝံမော။ |
| (၆) | အာရေယ | | ၄၆ | ရွာသူကြီး | ရှမ်း | ဗုဒ္ဓဘာသာ | ငွေတောင်ရွာ။ |

စဝ်ခွန်ချို။ ။ယခုကျွန်တော်တို့ကိုဘာကိစ္စနှင့်လာတွေ့ကြပါသလဲ။

အကိုစတီးနီး။ ကျွန်တော်တို့လာရတဲ့ကိစ္စကတော့၊ကျွန်တော်တို့အခါခါစုဝေးတိုင်ပင်ပြီးမှကရင်နီနှင့် ကရင်ဖြူကိုမပေါင်းရန်အတွက်ပင်လာရခြင်းဖြစ်ပါတယ်။ ကရင်နီပြည်နယ်ဟူသောနာမည်ကိုလည်း ကယားဟူသောအမည်သို့ပြောင်းလဲလိုပါတယ်။

ရွှေနေချုပ်။ ။ခင်များတို့တိုက်နယ်တွင် ရွာပေါင်းဘယ်လောက်ရှိသလဲ။

အကိုစတီးနီး။ ။ကျွန်တော်တို့တိုက်နယ်တွင် ရွာပေါင်း ၂၈ ရွာရှိပါတယ်၊ ယခု ၅ ရွာကိုသာဆွေးနွေးတိုင်ပင်နိုင်ပါတယ်၊ ကျန်သော ၂၃ ရွာမှာ သောင်းကျန်းသူများလက်ထဲတွင်ရှိနေပါတယ်။

ဦးဖိုးလတ်။ ။ကရင်ပြည်နယ်ကို သီးခြားပြည်နယ်ပေးလျှင် ခင်များတို့ဘယ် အတွက်ကြောင့်မပါချင်ပါသလဲ။

အကိုစတီးနီး။ ။ကရင်ပြည်နယ်နှင့်ကျွန်တော်တို့ပူးပေါင်း၍မနေနိုင်ပါ၊ ပူးပေါင်းရမည်ဆိုလျှင်လည်း သဘောမတူနိုင်ပါ၊ အဘယ်ကြောင့်ဆိုသော် ကယားဆိုတာကျွန်တော်တို့ရှေးရှေးတုန်းကတည်းက ကိုယ့်ဘုရင်နှင့်ကိုယ် သီးခြားနေခဲ့တဲ့ အတွက် ယခုလည်း သီးခြားနေချင်ပါတယ်၊ ယခုကျွန်တော်တို့နယ်မှာ သောင်းကျန်းသူများက

ပစ္စည်းများကိုအကုန်လုံးလုယက်သိမ်းဆည်းခြင်း၊လူများကိုနှိပ်စက်ကလူပြုခြင်းများကိုခဏခဏပြုလုပ်နေပါတယ်၊ ကျွန်တော်တို့ယခုလာရောက်ကြသော ခေါင်းဆောင်များ အားလုံးကပင် ကယားဟူသောအမည်ကို ပိုမိုပြီးကြိုက်ပါတယ်။

ဦးဖိုးလတ်။ ။ခင်များတို့တိုက်နယ်မှလူပေါင်းဘယ်လောက်လာပါသလဲ။

အကိုစတီးနီး။ ။ကျွန်တော်တို့အားလုံးလူပေါင်း ၁၀ လာပါတယ်။

## ၁၉၅၀ ခု၊ ဒီဇဘ်ာလ ၁၂ ရက်နေ့၊ ကရင်နီပြည်နယ်အထူးစုံစမ်းရေးကော်မီရှင်၏ဒုတိယနေ့စစ်ချက်မှတ်တမ်း။

အစည်းအဝေးကိုနံနက် ၈ နာရီအချိန်မှ စတင်ကျင်းပရာအောက်ပါ လူကြီးများ တက်ရောက်၍အစစ်ခံကြပါသည်။

### မော်ဆောတိုက်မှအစစ်ခံသောလူကြီးများ။

| | အမည်။ | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|---|
| (၁) | အာဒိကာ | ၂၆ | တိုက်အုပ် | ကယား | ခရစ်ယာန် | မော်ဆော။ |
| (၂) | မောရီ | ၂၃ | ရွာသူကြီး | ၎င်း | နတ် | ထီးတူကူးရွာ။ |
| (၃) | လောချိ | ၃၅ | ၎င်း | ၎င်း | ၎င်း | တိကူလဲ့ရွာ။ |
| (၄) | ငါးရဲ့ | ၄၀ | ၎င်း | ၎င်း | ၎င်း | မော်ဆောရွာ။ |
| (၅) | ထောအိ | ၄၀ | ၎င်း | ၎င်း | ခရစ်ယာန် | ဒေါ့ကရော့။ |
| (၆) | ထာရု | ၄၀ | ၎င်း | ၎င်း | ၎င်း | တိုက္ကိဆော့။ |

စစ်ခွန်ချို။ ။ခင်များတို့ယနေ့ဒီကိုဘာကိစ္စလာကြပါသလဲ။

အာဒိကာ။ ။ကရင်နီပြည်နယ် အထူးစုံစမ်းရေးကော်မီရှင်ထံ အစစ်ခံရန်လာကြပါတယ်။

ရွှေနေချုပ်။ ။ဘယ်အကြောင်းများကိုအစစ်ခံလိုပါသလဲ။

အာဒိကာ။ ။ကျွန်တော်တို့ကရင်နီပြည်နယ်ကို ကယားပြည်နယ်ဟု ပြောင်းရန် အစစ်ခံလိုပါတယ်။

ရွှေနေချုပ်။ ။ခင်များတို့ဘယ်နာမည်ကိုကြိုက်ပါသလဲ။

အာဒိကာ။ ။ကျွန်တော်တို့ ကယားဆိုတဲ့အမည်ကိုကြိုက်ပါတယ်။

ဗိုလ်ခင်မောင်ကလေး။ ။ဘာအတွက်ကြောင့် ကယားပြည်နယ်လို့ခေါ်ချင်သလဲ

အာဒိကာ။ ။ကရင်နီပြည်နယ်ဆိုတဲ့နာမည်မှာမြန်မာစကားဖြစ်ပါတယ်၊ ကယားပြည်နယ်ဆိုတာက ကျွန်တော်တို့လူမျိုးစကားဖြစ်ပါတယ်။

ဗိုလ်ခင်မောင်ကလေး။ ။မနေ့ကလူအချို့က ကယားလိ လို့ခေါ်တာကို ကြိုက်တယ်၊ ခင်များတို့ကောမကြိုက်ဘူးလား။

အာဒိကာ။ ။ကယားလိဆိုသည်မှာ လူတစုအတွက်သုံးသော စကားသာ ဖြစ်ပါတယ်၊ကယားဆိုသည်မှာ လူအများကို ခေါ်သောစကားဖြစ်ပါတယ်။ ထိုကြောင့်ကယားကိုဘဲ ကြိုက်ပါတယ်။

စောနော်တင်ဘွား။ ။ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက ကရင်ပြည်နယ်သတ်မှတ်ပေးမယ်၊ ခင်ဗျားတို့ဌင်းပြည်နယ်နှင့်မပေါင်းချင်ဘူးလား။

အာဒိက။ ။ကရင်ပြည်နှင့်မပေါင်းချင်ပါ။

ဦးမြင့်ထူး။ ။ပုဒ်မ ၁၇၀ ကိုခင်ဗျားတို့ဘာပြောချင်သလဲ။

အာဒိက။ ။ပုဒ်မ ၁၇၀ ကိုကျွန်တော်တို့နှင့်ဘာမျှမသက်ဆိုင်စေလိုပါ။ ကျွန်တော်တို့ကယားပြည်နယ်ဆိုသည်မှာ ရှေးထဲက သီးခြားလွတ်လပ်စွာ နေခဲ့သော တိုင်းပြည်တပြည်ဖြစ်ပါတယ်။ သို့အတွက်ကြောင့် ကယားပြည်နယ်ကို သီးခြား သတ်မှတ်ပေးစေလိုပါတယ်။ ကယားပြည်နယ်ကိုကရင်ပြည်နယ်ထဲသို့ထည့်သွင်းရန်လုံး၀ သဘောမတူပါ။

စဝ်ခွန်ချို။ ။ယခုခင်ဗျားတို့တိုက်မှာ ဘယ်နှစ်ရွာရှိသလဲ။

အာဒိက။ ။ရွာပေါင်း ၂၃ ရွာရှိပါတယ်။

စဝ်ခွန်ချို။ ။ပေါင်း ၂၃ ရွာရှိ လူတွေအားလုံးက တိုင်ပင်ပြီးမှ လာကြသလား၊ သို့မဟုတ် ဤလူတစုထဲဘဲတိုင်ပင်လာကြသလား။

အာဒိက။ ။ကျွန်တော်တို့ ၂၃ ရွာလုံးမှ လူတွေ အားလုံး တိုင်ပင်ပြီးမှလာပါတယ်။

စဝ်ခွန်ချို။ ။ဒီ ၂၃ ရွာ အနက်မှ သောင်းကျန်းသူများလက်ထဲတွင် မည်သည့်ရွာရှိပါသေးသလဲ။

အာဒိက။ ။သောင်းကျန်းသူလက်ထဲတွင် မည်သည့်ရွာမှမရှိပါ။

ဗိုလ်ခင့်မောင်ကလေး။ ။ခင်ဗျားတို့ ရွာတိုင်းက လူတိုင်းနှင့် လိုက်ပြီး တိုင်ပင်သလား၊ သို့မဟုတ် အစည်းအဝေးလုပ်ပြီးတိုင်ပင်သလား။

အာဒိက။ ။ရွာတိုင်းကလူတွေနှင့်အစည်းအဝေးလုပ်ပြီးတိုင်ပင်ပါတယ်။

ဦးစိန်။ ။ကရင်နီပြည်နယ် သီးခြားနေရေးအတွက် အစည်းအဝေးဘယ်နှစ်ကြိမ်လုပ်ပြီးပြီလဲ။

အာဒိက။ ။ကျွန်တော်တို့အကြိမ်ပေါင်း ၂၀ ကျော်ကျော်လုပ်ခဲ့ပါတယ်။

ဦးစိန်။ ။လွိုယ်ကော်မြို့မှာဘယ်နှစ်ကြိမ်လုပ်ပါသလဲ။

အာဒိက။ ။လွိုယ်ကော်မြို့မှာ ၇ ခါလောက်ရှိပါပြီ။ လူကြီးမင်းများနှင့်တွေ့ဆုံပြီးလုပ်သည်မှာလည်း ၂၀ ခါရှိပါပြီ။

ဦးမြင့်ထူး။ ။ကယားဟုခေါ်လျှင် ကရင်ဟုအဓိပ္ပါယ်ရသောကြောင့် ကယားလိဟုခေါ်မှ သာ၍သင့်လျော်သည်ထင်ပါတယ်။ ကယားလိနှင့် ကယားဆိုတဲ့ နာမည်နှစ်ခုအနက် မည်သည့်နာမည်ကိုကြိုက်ပါသလဲ။

အာဒိက။ ။ကယားလိဆိုသည်မှာလူတစု၏နာမည်မျှသာဖြစ်၍၊ကယားဆိုတာက လူအများကိုခေါ်ဆိုတဲ့နာမည်ဖြစ်သောကြောင့် ကယားဟုခေါ်သည်ကို သာ၍နှစ်သက်ပါတယ်။

ဦးစိန်။ ။ခင်ဗျားတို့ပြည်နယ်ကို ဘယ်လိုထားပေးစေလိုပါသလဲ။

အာဒိက။ ။ကျွန်တော်တို့ကယားပြည်နယ်ကို သီးခြားထားပေးစေလိုပါတယ်။

စောနော်တင်ဘွား။ ။ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက ကရင်ပြည်နယ်သတ်မှတ်ပေးမယ်၊ ခင်များတို့ဇင်းပြည်နယ်နှင့်မပေါင်းချင်ဘူးလား။

အာဒိက။ ။ကရင်ပြည်နှင့်မပေါင်းချင်ပါ။

ဦးမြင့်ထူး။ ။ပုဒ်မ ၁၈၀ ကိုခင်များတို့ဘာပြောချင်သလဲ။

အာဒိက။ ။ပုဒ်မ ၁၈၀ ကိုကျွန်တော်တို့နှင့်ဘာမျှမသက်ဆိုင်စေလိုပါ။ ကျွန်တော်တို့ကယားပြည်နယ်ဆိုသည်မှာ ရှေးထဲက သီးခြားလွတ်လပ်စွာ နေခဲ့သော တိုင်းပြည်တပြည်ဖြစ်ပါတယ်။ သို့အတွက်ကြောင့် ကယားပြည်နယ်ကို သီးခြား သတ်မှတ်ပေးစေလိုပါတယ်။ ကယားပြည်နယ်ကိုကရင်ပြည်နယ်ထဲသို့ထည့်သွင်းရန်လုံးဝ သဘောမတူပါ။

စဝ်ခွန်ချို။ ။ယခုခင်များတို့တိုက်မှာ ဘယ်နှစ်ရွာရှိသလဲ။

အာဒိက။ ။ရွာပေါင်း ၂၃ ရွာရှိပါတယ်။

စဝ်ခွန်ချို။ ။ပွင်း ၂၃ ရွာရှိ လူတွေအားလုံးက တိုင်ပင်ပြီးမှ လာကြသလား၊ သို့မဟုတ် ဤလူတစုထဲဘဲတိုင်ပင်လာကြသလား။

အာဒိက။ ။ကျွန်တော်တို့ ၂၃ ရွာလုံးမှ လူတွေ အားလုံး တိုင်ပင်ပြီးမှလာပါတယ်။

စဝ်ခွန်ချို။ ။ဒီ ၂၃ ရွာ အနက်မှ သောင်းကျန်းသူများလက်ထဲတွင် မည်သည့်ရွာရှိပါသေးသလဲ။

အာဒိက။ ။သောင်းကျန်းသူလက်ထဲတွင် မည်သည့်ရွာမှမရှိပါ။

ဗိုလ်ခင့်မောင်ကလေး။ ။ခင်များတို့ ရွာတိုင်းက လူတိုင်းနှင့် လိုက်ပြီး တိုင်ပင်သလား၊ သို့မဟုတ် အစည်းအဝေးလုပ်ပြီးတိုင်ပင်သလား။

အာဒိက။ ။ရွာတိုင်းကလူတွေနှင့်အစည်းအဝေးလုပ်ပြီးတိုင်ပင်ပါတယ်။

ဦးစိန်။ ။ကရင်နီပြည်နယ် သီးခြားနေရေးအတွက် အစည်းအဝေးဘယ်နှစ်ကြိမ်လုပ်ပြီးပြီလဲ။

အာဒိက။ ။ကျွန်တော်တို့အကြိမ်ပေါင်း ၂၀ ကျော်ကျော်လုပ်ခဲ့ပါတယ်။

ဦးစိန်။ ။လွယ်ကော်မြို့မှာဘယ်နှစ်ကြိမ်လုပ်ပါသလဲ။

အာဒိက။ ။လွယ်ကော်မြို့မှာ ၇ ခါလောက်ရှိပါပြီ။ လူကြီးမင်းများနှင့်တွေ့ဆုံပြီးလုပ်သည်မှာလည်း ၂၀ ခါရှိပါပြီ။

ဦးမြင့်ထူး။ ။ကယားဟုခေါ်လျှင် ကရင်ဟုအဓိပ္ပါယ်ရသောကြောင့် ကယားလိဟုခေါ်မှ သာ၍သင့်လျော်သည်ထင်ပါတယ်။ ကယားလိနှင့် ကယားဆိုတဲ့ နာမည်နှစ်ခုအနက် မည်သည့်နာမည်ကိုကြိုက်ပါသလဲ။

အာဒိက။ ။ကယားလိဆိုသည်မှာလူတစု၏နာမည်မျှသာဖြစ်၍၊ကယားဆိုတာက လူအများကိုခေါ်ဆိုတဲ့နာမည်ဖြစ်သောကြောင့် ကယားဟုခေါ်သည်ကို သာ၍နှစ်သက်ပါတယ်။

ဦးစိန်။ ။ခင်များတို့ပြည်နယ်ကို ဘယ်လိုထားပေးစေလိုပါသလဲ။

အာဒိက။ ။ကျွန်တော်တို့ကယားပြည်နယ်ကို သီးခြားထားပေးစေလိုပါတယ်။

ရွှေနေချုပ်။ ။ယခုခေါ်ဆိုနေကြတာ ကယား၊ ကယားလီ၊ ကရင်နီလို့ အမည် ၃ မျိုးခေါ်နေကြတယ်၊ ဘယ်နာမည့်ကိုအကြိုက်ဆုံးပါလဲ။

မောရီ။ ။ကယားအမည်ကိုအကြိုက်ဆုံးပါဘဲ။

လောချို။ ။ကယားဆိုသောအမည်ကိုပိုပြီးကြိုက်ပါတယ်။

ရွှေနေချုပ်။ ။ယခုခင်ဗျားတို့ ဒီကိုလူပေါင်းဘယ်လောက်လာသလဲ။

အာဒိက။ ။ကျွန်တော်တို့တိုက်နယ် ကိုယ်စားလှယ်များအဖြစ် လူပေါင်း ၇၀ ယောက်လာပါတယ်။ ကျွန်တော်တို့အားလုံး ရွာပေါင်း အကုန်လုံးမှဖြစ်ပါတယ်။

စပ်ခွန်ချို။ ။ခင်ဗျားတို့အားလုံး အာဒိကနှင့်သဘောတူပါသလား။ ကယားဆိုတဲ့အမည်ကိုကြိုက်သလား။

ကျန်လူကြီးများ။ ။ကျွန်တော်တို့အားလုံး ကျွန်တော်တို့၏ ခေါင်းဆောင်ပြောသည့်အတိုင်းသဘောတူပါတယ်။ ကယားဆိုတဲ့အမည်ကိုပင်ကြိုက်ပါတယ်။

## <u>တောခူတိုက်မှ အစစ်ခံသောလူကြီးများ။</u>

| | အမည်။ | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|---|
| (၁) | ဦးဖဲ | ၃၂ | တိုက်အုပ် ... | ကယား | ခရစ်ယာန် | ကြယ်ဖိုးကြီး။ |
| (၂) | ချာဗူး | ၃၂ | ရွာသူကြီး ... | မနုမနော | ၎င်း | ကိုခွေ။ |
| (၃) | ပွဲပေးအို | ၃၅ | တရားဟောဆရာ | ၎င်း | ၎င်း | ဟာဝေါ်ခို။ |
| (၄) | ကဲအိ | ၃၀ | တောင်ယာလုပ် | ၎င်း | ၎င်း | တောလာချာ။ |
| (၅) | ကောရီ | ၃၉ | တရားဟောဆရာ | ၎င်း | ၎င်း | ကိုသိုးရွာ။ |
| (၆) | တီးရဲ | ၃၅ | တောင်ယာ | ၎င်း | ၎င်း | ခေါ်ပရာ။ |

(၎င်းလူကြီးများအနက် ဦးဖဲခေါင်းဆောင်၍ပြောပါသည်။)

စပ်ခွန်ချို။ ။ခင်ဗျားတို့ ကျွန်တော်တို့နှင့် ဘာကိစ္စအတွက် လာတွေ့ကြသလဲ။

ဦးဖဲ။ ။ကရင်နီပြည်နယ်ကို ကရင်ပြည်နှင့် ပေါင်းမည်ဆိုတဲ့ကိစ္စကို အလိုမရှိသောကြောင့် ကျွန်တော်တို့လာပါတယ်။ ကျွန်တော်တို့ပြည်ကိုသီးသန့်ပေးစေလိုပါတယ်။

စပ်ခွန်ချို။ ။ခင်ဗျားတို့တိုက်က ဘာတိုက်ပါလဲ။ ရွာပေါင်းဘယ်လောက်ရှိပါသလဲ။

ဦးဖဲ။ ။တောခူတိုက်ဖြစ်ပါတယ်။ ရွာပေါင်း ၁၂ ရွာရှိပါတယ်။

စပ်ခွန်ချို။ ။၁၂ ရွာလုံးမှ ကိုယ်စားလှယ်များအကုန်ပါသလား။

ဦးဖဲ။ ။ကျွန်တော်တို့ ယခုလာတဲ့အထဲမှာ ၆ ရွာမှ ကိုယ်စားလှယ်များသာပါပါတယ်။ ကျွန်တော်တို့လူပေါင်း ၂၀ ယောက်သာလာကြပါတယ်။ ကျန် ၆ ရွာမှာ သူပုန်များလက်အောက်၌ရှိနေပါသေးတယ်။

ရွှေနေချုပ်။ ။ကျန်နေသော ၆ ရွာကဘာလူမျိုးတွေပါလဲ။

ဦးဖဲ။ ။သူတို့အားလုံး မနုမနောလူမျိုးများဖြစ်ပါတယ်။

ကန္တာရဝတီနယ်၊ တီးစခါးတိုက်မှ တက်ရောက်အစစ်ဆေးခံသော လူကြီးများ။

| | အမည်။ | | အသက်။ | အလုပ်အကိုင် | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|---|---|
| (၁) | ဦးဝဏ္ဏ | .... | ၅၀ | လယ်လုပ် | ရှမ်း | ဗုဒ္ဓဘာသာ | ဝန်းပန်း။ |
| (၂) | ကိုဝံမောင် | .... | ၃၅ | ၎င်း | ၎င်း | ၎င်း | လွယ်လင်။ |
| (၃) | ကိုဘိုးချို | .... | ၃၅ | ၎င်း | ၎င်း | ၎င်း | တီးစခါး။ |
| (၄) | ဦးပေါပြည့် | .... | ၅၀ | ၎င်း | ၎င်း | ၎င်း | နာကွဲ။ |
| (၅) | ဦးခမ်းလှိုင် | .... | ၄၅ | ဟိန် | ၎င်း | ၎င်း | တီးစခါး။ |
| (၆) | ဦးစု | .... | ၅၂ | ၎င်း | ၎င်း | ၎င်း | ကူးနား။ |

(၎င်းတိုက်များမှ ကိုယ်စားလှယ်များအနက် ခေါင်းဆောင်အဖြစ် ဦးခမ်းလှိုင်က အောက်ပါအတိုင်း အစစ်ခံပါသည်။)

စဝ်ခွန်ချို။ ။ခင်ဗျားတို့ ယနေ့သည်ကို ဘယ်ကိစ္စအတွက်လာပါသလဲ။

ဦးခမ်းလှိုင်။ ။ကရင်နီပြည်နယ် အကြောင်းနှင့် ပတ်သက်၍လာပါတယ်။

စဝ်ခွန်ချို။ ။အဲသည့်အကြောင်း ရှင်းပြစမ်းပါ။

ဦးခမ်းလှိုင်။ ။ကရင်နီပြည်ကို သီးခြားသတ်မှတ်ပေးစေလိုပါတယ်၊ ကရင်နီဆိုသောအမည်ကို ကယားဟူသောအမည်သို့ ပြောင်းလဲပေးစေချင်ပါတယ်။

ဗိုလ်ခင်မောင်ကလေး။ ။ကရင်နီပြည်နယ်ကို ရှမ်းပြည်နယ်နှင့် မပေါင်း ချင်ဘူးလား။

ဦးခမ်းလှိုင်။ ။ရှမ်းပြည်နှင့်လည်း မပေါင်းနိုင်ပါ၊ ကျွန်တော်တို့မှာ ရှမ်းအမျိုးသားများပင်ဖြစ်သော်လဲ သည်နယ်ဇာတိပင်ဖြစ်တဲ့အတွက် ကယားပြည်လို့ဘဲ သီးခြားနေချင်ပါတယ်၊ ရှမ်းပြည်နယ်နှင့်မပေါင်းချင်ပါ။

ရွှေနေချုပ်။ ။ကယားခေါ်မှဲ့အစား၊ ကယားလီလို့ခေါ်လျှင်မကောင်းဘူးလား။

ဦးခမ်းလှိုင်။ ။ကယားလီလို့ခေါ်လျှင် မကောင်းပါ၊ ကယားလို့ဘဲ ခေါ်ချင်ပါတယ်။

ရွှေနေချုပ်။ ။ပြည်နယ်အကြောင်းနှင့် အနည်းငယ်ရှင်းပြစမ်းပါ။

ဦးခမ်းလှိုင်။ ။ကျွန်တော်တို့ရှမ်းဘာသာဖြစ်၍ သည်ပြည်နယ်ကို ယန်းလို့လဲခေါ်ပါတယ်၊ မိုင်းယန်းလို့လဲခေါ်ပါတယ်၊ သို့အတွက်ကြောင့် ရှမ်းဘာသာနှင့် ခေါ်ခြင်း၄ါလည်း မသင့်တော်ပါ၊ သူတို့ပြည်နယ်စကားနဲ့သာ ခေါ်လိုပါတယ်၊ ကျွန်တော်တို့ ရှမ်းလူမျိုးများ ဒီအရပ်မှာ နှစ်ပေါင်း ၁၀၀ ကျော်လောက်ကစ၍ နေလာခဲ့ပါတယ်၊ ကယားဟု ပြောင်းလဲမှုပို၍သင့်လျော်ပါတယ်၊ ကျွန်တော်တို့ ရှမ်းအမျိုးသားများဖြစ်သော်လည်း အပြုအမူမှာ ကယားနှင့်တူနေပါတယ်။

ရွှေနေချုပ်။ ။တီးစခါးတိုက်တွင် ရွာပေါင်းဘယ်လောက်ရှိပါသလဲ။

ဦးခမ်းလှိုင်။ ။ရွာပေါင်း ၂၃ ရွာရှိပါတယ်။ လူပေါင်း ၈၀ ကျော်သာပါတယ်၊ ဤလူများမှာ ၂၁ ရွာက လူများသာဖြစ်ပါတယ်၊ ကျန်သော ၂ ရွာက လူများကတော့ အလွန်ဝေးသည့်အတွက် မလာနိုင်ပါ။

ရွှေနေချုပ်။ ။ခင်ဗျားတို့ ဘယ်ဘာသာကို ကိုးကွယ်တာများပါသလဲ။

ဦးခမ်းလှိုင်။ ။ကျွန်တော်တို့ဗုဒ္ဓဘာသာကို အများအားဖြင့် ကိုးကွယ်ကြပါတယ်၊ နတ်ကိုးကွယ်သော လူမျိုးများလည်းရှိပါတယ်။

ဗိုလ်ခင်မောင်ကလေး။ ။ခင်ဗျားတို့ ယခု ပြောနေတာ ခင်ဗျားတယောက် အနေနှင့်ပြောတာလား၊ သို့မဟုတ် အားလုံးသောလူများကိုတိုင်ပင်ပြီးမှ ပြောတာလား။

ဦးခမ်းလှိုင်။ ။ကျွန်တော်တို့ အားလုံးသောရွာများမှ လူပေါင်းများစွာကို တိုင်ပင်ပြီးမှ ပြောခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြောသည့်အတိုင်း အားလုံးကသဘောတူကြပါတယ်။

ငွေတောင်တိုက်မှ တက်ရောက်စစ်ဆေးခံသော ကိုယ်စားလှယ်များ။

| | အမည်။ | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|---|
| (၁) | ကိုစံဖန့် .... | ၃၉ | တိုက်စာရေး | ရှမ်း | ဗုဒ္ဓဘာသာ | ငွေတောင်။ |
| (၂) | ကိုဆဲ့ရှဲ .... | ၄၅ | သူကြီး | ကယား | နတ် | ဒေါ့တတား။ |
| (၃) | ကီးရှဲ .... | ၅၀ | ၎င်း | ၎င်း | ဗုဒ္ဓဘာသာ | ဒေါ့ခုလိ။ |
| (၄) | တူးရှဲ .... | ၄၀ | ၎င်း | ၎င်း | ၎င်း | ထေထုများ။ |
| (၅) | ရှုရှဲ .... | ၅၀ | ၎င်း | ၎င်း | ၎င်း | ၎င်း |
| (၆) | ဦးစန္ဒ .... | ၅၂ | ၎င်း | အင်းသား | ၎င်း | ညောင်ရွာ။ |

(၎င်းကိုယ်စားလှယ်များအနက် ကိုစံဖန့်က ခေါင်းဆောင်အဖြစ်ဖြင့် အောက်ပါအတိုင်း အစစ်ခံပါသည်။)

စစ်ခွန်ချို။ ။ခင်ဗျားတို့ သည်ကိုဘာကြောင့်လာကြသလဲ။

ကိုစံဖန့်။ ။ကရင်ဖြူများကို အလိုမရှိခြင်းနှင့် ပုဒ်မ ၁၇၀ ကို ပယ်ဖျက်ပေးဘို့အတွက် လာခြင်းဖြစ်ပါတယ်။

စစ်ခွန်ချို။ ။အခြားဘာကိစ္စရှိပါသေးသလဲ။

ကိုစံဖန့်။ ။ပုဒ်မ ၁၇၀ အရ ကျွန်တော်တို့ ကော်သူလေးနှင့် မပူးပေါင်းလိုပါ။ ကော၊ အင်၊ ဒီ၊ အိုမှများက ကျွန်တော်တို့ကို အတိဒုက္ခရောက်အောင် လုပ်ပေးနေကြပါတယ်၊ သို့အတွက်ကြောင့် သီးခြားပြည်နယ်အဖြစ်ကိုသာ အလိုရှိပါတယ်၊ ကော်သူလေးနှင့် မပူးပေါင်းနိုင်ပါ။

ရွှေနေချုပ်။ ။ခင်ဗျားတို့ပြည်နယ်၏အမည်နှင့်စပ်လျဉ်း၍ ဘာပြောချင်ပါသလဲ။

ကိုစံဖန့်။ ။ကျွန်တော်တို့ ပြည်နယ်၏ အမည်ကို ကယားပြည်နယ်လို့ နာမည်ပြောင်းပေးစေလိုပါတယ်။

ရွှေနေချုပ်။ ။ကရင်နီ၊ ကယားလိဆိုတဲ့ နာမည်များကို မကြိုက်ဘူးလား။

ကိုစံဖန့်။ ။ကရင်နီဆိုတဲ့ နာမည်မှာ မြန်မာစကားဖြစ်သောကြောင့် ကျွန်တော်တို့အဘို့ အဓိပ္ပါယ်မရှိပါ၊ ကယားလိဆိုတဲ့ အမည်ကိုလည်းမကြိုက်ပါ၊ ကယားဟု ဆိုမှ ကျွန်တော်တို့တိုင်းရင်းစကားနှင့် အဓိပ္ပါယ်ကိုက်ပါသည်၊ သို့အတွက်ကြောင့် ကယားဟု ခေါ်စေချင်ပါတယ်။

ရွှေနေချုပ်။ ။ခင်ဗျားတို့တိုက်နယ်မှာ ရွာပေါင်းဘယ်လောက်ရှိသလဲ၊ လူပေါင်းဘယ်လောက်လာပါသလဲ။

ကိုစံဖန်း။ ။ကျွန်တော်တို့တိုက်နယ်မှာ ရွာပေါင်း ၃၅ ရွာရှိပါတယ်၊ လူပေါင်း ၂၇ ရွာက ၅၀ ကျော်ကျော်လာပါတယ်၊ ကျန်သော ၈ ရွာမှ လူများမှာ ရန်သူလက်တွင် ရှိပါသဖြင့် မလာနိုင်ပါ။

ရွှေနေချုပ်။ ။ခင်ဗျားတို့ပြောနေတာ ၂၇ ရွာလုံးမှလူများ အားလုံး၏သဘော အတိုင်းပြောတာလား၊ သို့မဟုတ် ခင်ဗျားတယောက်အနေနှင့် ပြောတာလား။

ကိုစံဖန်း။ ။၂၇ ရွာလုံးမှ လူတွေအားလုံး၏ သဘောအတိုင်းပြောတာပါ။

ရွှေနေချုပ်။ ။သူပုန်လက်တွင်းရှိ ရွာတွေက လူများကရော ဘယ်လိုပြောကြပါသလဲ။

ကိုစံဖန်း။ ။ထိုရွာများ ရန်သူလက်တွင်းကျရောက်သွားသည်မှာ ၁၀ လရှိသွားပါပြီ၊ ရန်သူလက်သို့မကျရောက်ခင်က ကျွန်တော်တို့ စာရွက်စာတမ်းများဝေပြီး ဆွေးနွေးဘူးပါတယ်၊ သူတို့လဲ ကော်သူလေးနယ်နှင့် ပူးပေါင်းတာကိုမခံနိုင်ပါ၊ ကော်သူလေးလူမျိုးဟာ ပညာရှိသောလူမျိုးဖြစ်၍ ကျွန်တော်တို့က ပညာမရှိပါ၊ သူတို့နှင့်ပေါင်းလျှင် သူတို့ထင်ရာလုပ်သလို ကျွန်တော်တို့ခံကြရပါမည်။ သူတို့အလွန် နှိပ်စက် ညှဉ်းပန်းတဲ့ လူမျိုးဖြစ်ပါတယ်၊ သို့အတွက်ကြောင့် သူတို့နှင့်ကျွန်တော်တို့ မပေါင်းလိုပါဟု ပြောကြပါတယ်။

ဗိုလ်ခင်မောင်ကလေး။ ။ခင်ဗျားတို့ ကျန်သောလူများကလည်း ဘာများပြောစရာရှိပါသေးသလဲ။

ကျန်လူကြီးများ။ ။ကျွန်တော်တို့ ဘာမှ မပြောလိုတော့ပါ၊ ကျွန်တော်တို့ ခေါင်းဆောင်ပြောသည့်အတိုင်း အားလုံးကပင် သဘောတူပါတယ်။

<u>ရှားတောတိုက်မှစစ်ဆေးခံရန် ကြွရောက်သောလူကြီးများ။</u>

| အမည်။ | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|
| (၁) ကိုချစ်စိန် | ၄၀ | ဆေးဆရာ | ကယား | ဘုရင်ကိုး | ဒေါလဘော။ |
| (၂) စေးရှဲ .... | ၃၀ | တောင်ယာ | ဂုင်း | နတ် | ဒေါရောခု။ |
| (၃) ဆေးရှဲ .... | ၃၀ | သူကြီး | ဂုင်း | ဂုင်း | ဒေါဟိဝံ။ |
| (၄) ကိုးရှဲ .... | ၃၅ | တောင်ယာ | ဂုင်း | ဂုင်း | ဒေါရောခု။ |
| (၅) မိုးရှဲ .... | ၃၅ | ဂုင်း | ဂုင်း | ဂုင်း | ဒေါဟိဝံ။ |

(ဂုင်းလူကြီးများအနက် ကိုချစ်စိန်ကခေါင်းဆောင်၍ပြောပါသည်။)

စဝ်ခွန်ချို။ ။ဘယ်ကိစ္စအတွက်ကျွန်တော်တို့နှင့်လာတွေ့ပါသလဲ။

ကိုချစ်စိန်။ ။ကရင်ပြည်နယ်နှင့် မပေါင်းလိုခြင်းအတွက်လာတွေ့ပါတယ်။ ကရင်များသည် ကျွန်တော်တို့ကို လာရောက်နှောက်ရှက်၍ နှိပ်စက်ညှဉ်းပန်းကြပါသည်။ယခု ကျွန်တော်တို့သူတို့လက်တွင်းမှတိတ်တိတ်ထွက်၍လာရပါတယ်။ကယားပြည်နယ်ကိုကရင်

နယ်နှင့်မည်သည့်နည်းနှင့်မျှမပေါင်းနိုင်ပါ။ ယခုကျွန်တော်တို့တတိုက်လုံးမှာရန်သူ့လက်တွင်းမှာရှိပါတယ်။ ကျွန်တော်တို့ကို ညှဉ်းပန်းနှိပ်စက်နေသည်မှာ ၁ နှစ်ကျော်ကျော်ရှိသွားပါပြီ။

ရွှေနေချုပ်။ ။ယခုအားလုံးလူပေါင်းဘယ်လောက်လာပါသလဲ။

ကိုချစ်စိန်။ ။ကျွန်တော်တို့လူပေါင်း ၃၀ လာပါတယ်။

ရွှေနေချုပ်။ ။ကရင်နီပြည်နယ်၏နာမည်နှင့်ပတ်သက်ပြီး ဘာပြောလိုပါသလဲ။

ကိုချစ်စိန်။ ။ကရင်နီဆိုတဲ့အမည်ကိုကယားဆိုတဲ့အမည်သို့ပြောင်းလဲပေးစေလိုပါတယ်။

စဝ်ခွန်ချို။ ။ခင်များတို့တိုက်မှာရွာပေါင်းဘယ်လောက်ရှိပါသလဲ။

ကိုချစ်စိန်။ ။ကျွန်တော်တို့တိုက်မှာရွာပေါင်း ၁၀၀ ကျော်ရှိပါတယ်။

စဝ်ခွန်ချို။ ။ယခုလာကဲ့လူတွေဟာရွာတိုင်းမှကိုယ်စားလှယ်များဖြစ်ပါသလား။

ကိုချစ်စိန်။ ။ကျွန်တော်တို့လာတဲ့လူများမှာ ရွာပေါင်း ၂၃ ရွာမှ ကိုယ်စားလှယ်များဖြစ်ပါတယ်။ ကျန်သောရွာများမှာတော့ ရန်သူကရင်ဖြူများက အလွန်ညှဉ်းပန်းနှိပ်စက်သောကြောင့် မလာဝံ့ကြပါ၊ ကျွန်တော်တို့ကတော့ လူကြီးများနှင့် တွေ့ချင်ပါသဖြင့် တိတ်တိတ်ပုန်းထွက်လာပါတယ်။

ရွှေနေချုပ်။ ။ကျန်ရှိသောရွာများကကော ဘယ်လိုသဘောထားကြပါသလဲ။

ကိုချစ်စိန်။ ။သူတို့ကလဲကျွန်တော်တို့ပြောတဲ့အတိုင်း သဘောတူပါတယ်။

ဗိုလ်ခင်မောင်ကလေး။ ။လူမျိုးများမှာဘယ်သူကများပါသလဲ။

ကိုချစ်စိန်၊ ။ကယားလူမျိုးများပါတယ်။ ရှမ်းလူမျိုးအနည်းငယ်ပါရှိပါတယ်။ ယခုလာတဲ့အထဲတွင်ရှမ်းလူမျိုးများမပါပါ။ သူတို့မှာ သူပုန်များကိုကြောက်၍ မထွက်ရဲကြပါ။ ကျွန်တော်တို့ယခုလာတဲ့အထဲတွင် သူကြီးတဦးသာပါပါတယ်။ ရွာတိုင်းမှသူကြီးများမလာနိုင်ပါ။သူကြီးများအားသူပုန်များကလာရောက်စုံစမ်း၍မတွေ့လျှင်လူများကိုသတ်ဖြတ်နှိပ်စက်ကြပါတယ်။မသတ်လျှင် ဒဏ်ငွေ ၂၀၀၊ ၃၀၀ စသည့်ကြီးလေးစွာတပ်ပါသည်။ မပေးနိုင်လျှင်သတ်ပစ်ပါသည်။ ယခုထွက်လာရသည်မှာလည်း တယောက်စီ၊နှစ်ယောက်စီလူခွဲ၍လာရပါတယ်။ သို့အတွက်ကြောင့် သူကြီးများကိုထားခဲ့ရပါတယ်။

ရွှေနေချုပ်။ ။ခင်များတို့တိုက်မှာလူပေါင်းဘယ်လောက်ရှိပါသလဲ။

ကိုချစ်စိန်။ ။လူပေါင်း ၁ သောင်းကျော်လောက်ရှိပါတယ်။

ရွှေနေချုပ်။ ။ခင်များတို့ပြောသည့်အတိုင်း ကျန်သောရွာများမှ လူများကလဲသဘောတူပါသလား။

ကိုချစ်စိန်။ ။ကျွန်တော်တို့ပြောသည့်အတိုင်းအားလုံးသဘောတူပါတယ်။

ရွှေနေချုပ်။ ။ကရင်နီပြည်နယ်ကိုကရင်ပြည်နှင့်မပေါင်းချင်ဘူးလား။

ကိုချစ်စိန်။ ။ကျွန်တော်တို့ကချင်ပြည်နှင့် မပေါင်းလိုပါ။ကယားပြည်နယ်ဟုခေါ်၍ သီးခြားထားစေချင်ပါတယ်။

## ၁၉၅၀ ခု၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် လွှယ်ကော်မြို့၌ အထူးစုံစမ်းရေးကော်မီရှင်၏ စစ်ချက်မှတ်တမ်း။

### ချီကယ်တိုက်မှစစ်ဆေးခံရန်ကြွရောက်ကြသောလူကြီးများ။

| | အမည်။ | | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်၊ |
|---|---|---|---|---|---|---|---|
| (၁) | ကဲ့ရှဲ | .... | ၄၀ | သူကြီး | ကယား | နတ် | ပါလောင်း။ |
| (၂) | လီးရှဲ | .... | ၃၀ | ၎င်း | ၎င်း | ၎င်း | ဒေါဒချ။ |
| (၃) | စုရှဲ | .... | ၂၀ | ၎င်း | ၎င်း | ၎င်း | ချီကယ်။ |
| (၄) | ခေါင်ကား | .... | ၅၀ | ၎င်း | ၎င်း | ၎င်း | ပကျဲ။ |
| (၅) | ဦးရဲ့ | .... | ၃၀ | ၎င်း | ၎င်း | ၎င်း | မထိုးဘို။ |
| (၆) | ဘူးရှဲ | .... | ၃၀ | ၎င်း | ၎င်း | ၎င်း | တပလို။ |

(လူကြီးများအနက်ကဲ့ရှဲကခေါင်းဆောင်ပြောသည်။)

စဝ်ခွန်ချို။ ။ခင်ဗျားတို့ဘယ်အတွက်သည်ကိုလာပါသလဲ။

ကဲ့ရှဲ။ ။အထူးစုံစမ်းရေး ကော်မီရှင် လာတဲ့အတွက် နောက်က အဖြစ်အပျက်များကိုပြောလို၍လာပါတယ်။

စဝ်ခွန်ချို။ ။ကရင်သူပုန်များ၏အကြောင်းကိုပြောပြစမ်းပါ။

ကဲ့ရှဲ။ ။မကောင်းတဲ့ ကရင်သူပုန်များက ကျွန်တော် တို့ရွာသို့ ရောက်လျှင်ရောက်ခြင်း ပစ္စည်းယူ၊ လူသတ်၊ အမျိုးမျိုးနှိပ်စက်ညှဉ်းပန်းပါတယ်။ ကျွန်တော်တို့ထံမှငွေများကိုလည်းတောင်းယူပါတယ်။ သို့အတွက်ကြောင့် ကျွန်တော်တို့များစွာ စိတ်ပျက်ပါတယ်။ မကောင်းတဲ့သူတွေကို ကယားပြည်နယ်မှအမြန်မောင်းထုတ်ပေးစေလိုပါတယ်။

ရွှေနေချုပ်။ ။ကရင်ပြည်နယ်တခုကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက သီးခြားပြည်နယ်တခုအဖြစ်ဖြင့် တည်ထောင်ပေးမည်၊ ခင်ဗျားတို့ ကရင်နီပြည်နယ်ကို ထိုတိုင်းပြည်နယ်ထဲသို့ထည့်သွင်းပေးစေလိုပါသလား။

ကဲ့ရှဲ။ ။ကျွန်တော်တို့ပြည်နယ်ကို မထည့်သွင်းစေလိုပါ။ သီးခြားပြည်နယ်တခုအဖြစ်နှင့်သာထားစေလိုပါတယ်။

ရွှေနေချုပ်။ ။ကရင်လူမျိုးတွေအားလုံး ကောင်းတယ်ဆိုလျှင် ပေါင်းနိုင်မလား။

ကဲ့ရှဲ။ ။ကရင်များက ဘယ်လောက်ပင်ကောင်းကောင်း ကျွန်တော်တို့ မပေါင်းနိုင်ပါ။

ဗိုလ်ခင်မောင်ကလေး။ ။ခင်ဗျားတို့ပြည်နယ် နာမည်နှင့် ပတ်သက်ပြီးဘာပြောစရာရှိသလဲ။

ကဲ့ရှဲ။ ။ကျွန်တော်တို့ ယခု ကရင်နီပြည်နယ်ကို ကယားပြည်နယ်လို့ နာမည်ပြောင်းချင်ပါတယ်။

ဗိုလ်ခင်မောင်ကလေး။ ။ကယားလီ၊ ကရင်နီ၊ ကယား ဆိုတဲ့ နာမည်ထဲမှာ ဘယ်နာမည်ကိုကြိုက်ပါသလဲ။

ဒီဇင်ဘာလ ၁၂ ရက်နေ့ နေ့လည်ပိုင်း ၂ နာရီအချိန်တွင်စစ်ဆေးခံကြသောလူကြီး များ—

## လောပိတတိုက်။

| | အမည်။ | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|---|
| (၁) | ကိုညွန့် .... | ၃၃ | တိုက်အုပ် | အင်းသား | ဗုဒ္ဓဘာသာ | လောပိတ။ |
| (၂) | ထေးရှဲ .... | ၃၆ | ရွာသူကြီး | ကယား | နတ် | ဒေါပိတ။ |
| (၃) | ရှိရှဲ .... | ၃၅ | ၎င်း | ၎င်း | ၎င်း | ဆိုလဆယ်။ |
| (၄) | ကိုအောင်မင်း | ၄၀ | ၎င်း | ၎င်း | ၎င်း | ဝမ်းသာယာ။ |
| (၅) | လုံးတာ .... | ၄၂ | ၎င်း | ရှမ်း | ဗုဒ္ဓဘာသာ | လောပိတ။ |
| (၆) | ကိုစန်ငွေ .... | ၃၀ | ၎င်း | ၎င်း | ၎င်း | ဒေါကထု။ |

(လူကြီးများအနက်ဦးညွန့်ကခေါင်းဆောင်ပြောပါသည်။)

စစ်ခွန်ချို။ ။ခင်များတို့ ကျွန်တော်တို့နှင့်ဘာအတွက်လာတွေ့ကြပါသလဲ။

ကိုညွန့်။ ။ကျွန်တော်တို့ လက်ရှိကရင်နီပြည်နယ်ကို ကယားပြည်နယ်ဟု အမည်ပြောင်း၍၊ ပုဒ်မ ၁၈၀ ကိုပယ်ဖျက်ဘို့အတွက်လာတွေ့ပါတယ်။

ရွှေနေချုပ်။ ။ကယားအမည်နှင့်ပတ်သက်ပြီး ရှင်းပြစမ်းပါ။

ကိုညွန့်။ ။ကျွန်တော်တို့ကရင်နီပြည်နယ်ကိုကျွန်တော်တို့ဘာသာဖြင့်ကယားဟုသာခေါ်ပါတယ်။ ရှမ်းနှင့်မြန်မာတို့က ကရင်နီဟုခေါ်ပါတယ်။ ထို့ကြောင့် ကျွန်တော်တို့လူမျိုးနှင့်တိုင်းပြည်ကို ကယားဟုခေါ်လျှင် သာ၍နှစ်သက်ပါတယ်။ ကရင်ဖြူဆိုတဲ့လူမျိုးနှင့် ကျွန်တော်တို့လူမျိုးမှာ ဘာသာစကားအားဖြင့်၎င်း၊ လူမျိုးအားဖြင့်၎င်း မတူပါ။ ကျွန်တော်တို့ကယားပြည်ကိုကရင်ပြည်နယ်နှင့်ပေါင်းလိုက်မည်ဆိုလျှင် လူမျိုးရော တိုင်းပြည်ပါပျောက်သွားစရာအကြောင်းရှိပါတယ်။ ထို့ကြောင့် ကျွန်တော်တို့ကယားပြည်နယ်ကို သီးခြားနယ်အဖြစ်ထားပေးစေလိုပါတယ်။ ကရင်ဖြူဆိုသည့်စကားမှာမြန်မာအခေါ်ဖြစ်ပါတယ်၊ ကျွန်တော်တို့က ကရင်ဖြူလို့မခေါ်ပါ။ ပကူးလို့သာခေါ်ပါတယ်။ မြန်မာများကို ကျွန်တော်တို့ကယားများက မျန် ဟုခေါ်ပါတယ်၊ အကိုဟု အဓိပ္ပါယ်ပေါက်ပါတယ်။ ကယားဆိုတာ ရှေးရှေးတုန်းကရှိတဲ့လူမျိုးဖြစ်ပါတယ်။

ရွှေနေချုပ်။ ။ခင်များတို့တိုက်မှာရွာပေါင်းဘယ်နှစ်ရွာရှိပါသလဲ။

ကိုညွန့်။ ။ရွာပေါင်း ၁၈ ရွာရှိပါတယ်။

ရွှေနေချုပ်။ ။ယခုဘယ်နှစ်ရွာကလူများလာကြပါသလဲ။

ကိုညွန့်။ ။ယခု ၇ ရွာကကိုယ်စားလှယ်များသာရောက်ရှိပါတယ်။ လူပေါင်း ၅၂ ယောက်လာပါတယ်။ ကျန်ရွာများသူ့ပုန်လက်တွင်းတွင်ရှိသဖြင့်မပါနိုင်ပါ။

ရွှေနေချုပ်။ ။ကျန်တဲ့ရွာများကလူတွေရဲ့ဆန္ဒကဘယ်လိုရှိပါသလဲ။

ကိုညွန့်။ ။ကျွန်တော်တို့ပြောသည့်အတိုင်း သဘောတူပါတယ်။ သူတို့နှင့်လည်း တိုင်ပင်ဆွေးနွေးဘူးပါတယ်။ ပုဒ်မ ၁၈၀ ကိုလည်း သည်လဆန်းကပင် ကျွန်တော်တို့ တကြိမ်ကန့်ကွက်ခဲ့ပါတယ်။

ရွှေနေချုပ်။ ။ကုန်တဲ့ခေါင်းဆောင်များက ဘယ်လိုသဘောရပါသလဲ။

ကျန်လူကြီးများ။ ။ကျွန်တော်တို့အားလုံးဘဲ ကျွန်တော်တို့ပြည်နယ်နှင့်လူမျိုးကို ကယားလို့ခေါ်ပါတယ်။ ကျွန်တော်တို့ကယားကို ပကူးနှင့်ပေါင်းဘို့လည်း သဘောမတူနိုင်ပါ။

မိုလ်ခင်မောင်ကလေး။ ။ဘယ်အတွက်ပကူးနှင့်မပေါင်းလိုပါသလဲ။

ရှိရဲ။ ။သူတို့နှင့်ကျွန်တော်တို့ဟာ ဘယ်ဟာမှမတူပါ။ ကျွန်တော်တို့တိုင်းပြည်မှာ ရှေးကတည်းကရှိခဲ့ပါတယ်။ သူတို့မှာဘယ်တုန်းကမှတိုင်းပြည်မရှိခဲ့ပါ၊ကျွန်တော်တို့ပြည်နယ်ဘဲတသီးပုဂ္ဂလသာနေခဲ့ပါတယ်။

ရွှေနေချုပ်။ ။ကရင်နီပြည်နယ်ကိုလူပ်ရှားအောင်၊ ဒုက္ခဖြစ်အောင် လှုံ့ဆော်သူတွေကဘယ်သူတွေပါလဲ။

ကိုညွန့်။ ။ဆူပူသောင်းကျန်းအောင်လုပ်တာဟာပကူးများဖြစ်ပါတယ်။ကျွန်တော်တို့ ကရင်နီပြည်နယ်ကိုလဲ ပကူးတွေဘဲဖျက်ဆီးကြပါတယ်။

ရွှေနေချုပ်။ ။ကယားကိုခင်များတို့ဘာသာဖြင့်ဘယ်လိုခေါ်သလဲ။

ကိုညွန့်။ ။ကယားကိုကျွန်တော်တို့ဘာသာဖြင့် ယန်း လို့ခေါ်ပါတယ်။ ဖြေ့ လို့လည်းခေါ်ဆိုပါတယ်။

မိုလ်ခင်မောင်ကလေး။ ။ခင်များတို့ပြောတာဟာတိုက်နယ်ကလူများနှင့်တိုင်ပင်ပြီးပြောတာလား၊ သို့မဟုတ် ခင်များတယောက်အနေနှင့်ပြောတာလား။

ကိုညွန့်။ ။ကျွန်တော်တို့ တိုက်နယ်များမှ လူတွေအားလုံးကို အစည်းအဝေးလုပ်၊ တိုင်ပင်ပြီးမှပြောခြင်းဖြစ်ပါတယ်။

နိုကိုတိုက်မှအစစ်ဆေးခံရန်တက်ရောက်ကြသောလူကြီးများ။

| | အမည်။ | | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|---|---|
| (၁) | ကိုသိန်းဖေ | .... | ၃၀ | သူကြီး | ကယား | ဗုဒ္ဓဘာသာ | ကျောက်ကြီး။ |
| (၂) | တူးရဲ | .... | ၄၀ | တိုက်သူကြီး | ၎င်း | ၎င်း | ထောပလောခူး။ |
| (၃) | ဆရာလူ | .... | ၅၀ | လယ်လုပ် | ၎င်း | ၎င်း | လင်ဖုံ။ |
| (၄) | တူးရဲ | .... | ၂၅ | သူကြီး | ၎င်း | ၎င်း | ထေ၄လျ။ |
| (၅) | နဲရဲ | .... | ၃၀ | ၎င်း | ၎င်း | ၎င်း | ဒေါဆောလီ။ |

(လူကြီးများအနက်ကိုသိန်းဖေကခေါင်းဆောင်ပြောသည်။)

စဝ်ခွန်ချို။ ။ခင်များတို့ ကျွန်တော်တို့နှင့် ဘယ်ကိစ္စအတွက် လာတွေ့ကြပါသလဲ။

ကိုသိန်းဖေ။ ။ကျွန်တော်တို့ပြည်နယ်နှင့် လူမျိုးကို ကယားဟူသော အမည်ဖြင့်သတ်မှတ်ပေးရန်လာတွေ့ပါတယ်။

စဝ်ခွန်ချို။ ။ဘယ်လိုသတ်မှတ်ပေးရမည်လဲ။

ကိုသိန်းဖေ။ ။ကယားပြည်နယ်နှင့်ကရင်ပြည်နယ်ပူးပေါင်းခြင်းကို ကျွန်တော်တို့အလိုမရှိပါ၊ ကယားပြည်ကိုသီးသန့်ထားပေးစေလိုပါတယ်။

ကဲ့ရဲ။ ။ကယားဆိုတဲ့နာမည်ကိုပိုပြီးကြိုက်ပါတယ်။

မိုလ်ခင်မောင်ကလေး။ ။ကရင်လူမျိုးအကြောင်းနှင့် ပတ်သက်ပြီး အနည်းငယ်ပြောပြစမ်းပါ။

ခေါင်ကား။ ။ကရင်ဆိုတဲ့လူမျိုးမှာ ရှေးကစ၍ ယခုတိုင် မကောင်းခဲ့ပါ။ ယခုကျွန်တော်တို့နယ်မှာ လူ ၁၀ ယောက်ကိုလည်း သတ်ခဲ့ပြီးပါပြီ။ ပစ္စည်း၊ ကျွဲ၊ နွား အစစအရာရာအကုန်လုံး သိမ်းဆည်းယူပါတယ်။ သို့အတွက်ကြောင့် လူကြီးမင်းများက ဒီတကြိမ်နဲ့ ပြီးပြတ်အောင် လုပ်ပေးခဲ့ပါ။ ကောက်ညှင်းနဲ့ ဆန်ကြမ်း ပေါင်းစပ်၍မရသလို ပကူးနှင့်ကယားဘယ်အခါမှ ပေါင်းလို့ရနိုင်မည်မဟုတ်ပါ။ သူတို့ကို မြင်လဲမမြင်ချင်ပါ၊ ကြားလဲမကြားချင်ပါ။

လီးရဲ။ ။ကျွန်တော်ပြောချင်တာက တခြားမဟုတ်ပါဘူး။ ကရင်ကို မြင်လဲမမြင်ချင်ပါ၊ တွေ့လဲမတွေ့ချင်ပါ။ လင်မယား ပြီးပြီးပြတ်ပြတ် ကွာသလို ကယားနှင့် ကရင်ကိုလည်း ပြီးပြတ်သွားအောင်လုပ်ပေးစေလိုပါတယ်။

စုရဲ။ ။ပကူးများက ကျွန်တော်တို့လူမျိုးများအား လာရောက်နှိပ်စက်နေတာကို လူကြီးမင်းများအသိဖြစ်တဲ့အတိုင်း ယခုပြီးပြတ်အောင်လုပ်ပေးခဲ့ပါ။

ဦးဖိုးလတ်။ ။ကယားလိ၊ ကယား၊ ကရင်နီ နာမည်သုံးမျိုး ရှိသည့်အနက် ဘယ်နာမည်ကိုကြိုက်ပါသလဲ။

ခေါင်ကား။ ။ကယားဆိုတဲ့နာမည်ကိုပိုပြီးကြိုက်ပါတယ်။

ရွှေနေချုပ်။ ။ခင်များတို့တိုက်မှာရွာပေါင်းဘယ်လောက်ရှိပါသလဲ။

ခေါင်ကား။ ။ကျွန်တော်တို့တိုက်မှာ ရွာပေါင်း ၂၈ ရွာရှိပါတယ်။ ယခုလူပေါင်း ၂၅၀ ခန့်လာကြပါတယ်။ ယခုတက်ရောက်ကြသော လူ ၂၈ ယောက်မှာ ရွာတိုင်းမှ ခေါင်းဆောင်များ ဖြစ်ပါတယ်။ ကျန်သောသူများက မနေနိုင်၍ ပြန်သွားကြပါပြီ။

စဝ်ခွန်ချို။ ။ခင်များတို့အားလုံးသဘောကဘယ်လိုပါလဲ။

ကဲ့ရဲ။ ။ကျွန်တော်တို့အားလုံး ကယားဟူသောအမည်ကိုသဘောကျပါတယ်။

ကန္တာရဝတီနယ်၊ မြို့မတိုက်မှ အစစ်ခံရန်တက်ရောက်ကြသောလူကြီးများ။

| အမည်။ | အသက်။ | အလုပ်အကိုင်။ | လူမျိုး။ | ဘာသာ။ | နေရပ်။ |
|---|---|---|---|---|---|
| (၁) ဦးဘရှင် | ၄၀ | ကုန်သည် | အင်းသား | ဗုဒ္ဓဘာသာ | လွယ်ကော်မြို့။ |
| (၂) ဆရာဥာဏ် | ၅၅ | ဆေးဆရာ | မြန်မာ | ၎င်း | ၎င်း |
| (၃) ဦးဘညိမ်း | ၄၆ | ကုန်သည် | ၎င်း | ၎င်း | ၎င်း |
| (၄) ဦးဘဧ | ၆၅ | ဆေးဆရာ | မွန် | ၎င်း | ၎င်း |

(လူကြီးများအနက်ဦးဘညိမ်းကခေါင်းဆောင်၍စကားပြောသည်။)

စဝ်ခွန်ချို။ ။ကျွန်တော်တို့နှင့်ဒီနေ့လာတွေ့တာဘာများပြောစရာရှိလို့ပါလဲ။

ဦးဘညိမ်း။ ။ကရင်နီပြည်နယ်ကို ကယားဟု နာမည်ပြောင်းရန် အတွက် လာတွေ့ပါတယ်။ ကယားပြည်လို့ အမည်ပြောင်းလျှင် လူမျိုးများကိုလည်း ကယားဟု ခေါ်စေလိုပါတယ်။ ကျွန်တော်တို့မြန်မာပင်ဖြစ်သော်လည်း ကယားပြည်တွင်မွေးဖွါးသောကြောင့် ကယားဟုခေါ်လျှင်ကြိုက်ပါတယ်။

ဦးဖိုးလတ်။ ။ပုဒ်မ ၁၈၀ အရ ကရင်နီ ပြည်နယ်ကို ကရင်ပြည်နယ်ထဲသို့ ထည့်သွင်းချင်ပါသလား။

ဦးဘညိမ်း။ ။ကရင်ပြည်နယ်ထဲသို့မထည့်သွင်းလိုပါ။ ကယားပြည်နယ်အဖြစ်ဖြင့် သီးခြားနေချင်ပါတယ်။ သို့သော်သည်းကရင်တို့နှင့်မိတ်ဆွေအဖြစ်နေလိုပါတယ်။ ရန်သူအဖြစ်နှင့်တော့မနေလိုပါ။

ရွှေနေချုပ်။ ။နောက်ထပ်ဘာပြောစရာရှိပါသေးသလဲ။

ဦးဘညိမ်း။ ။ကျွန်တော်တို့မှာ ဟိုယခင်တုန်းကသည်းကရင်တို့နှင့် အတူတူမနေခဲ့ဘူးပါ၊ သီးသန့်နေလာခဲ့ပါတယ်၊ ကရင်များနှင့်ပူးပေါင်းခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်တော်တို့ အတွက် ပုဒ်မ ၁၈၀ သာလျှင် ပို၍ အရေးကြီးပါတယ်။ ကရင်နီပြည်နယ်ကိုခွဲခြားသတ်မှတ်ထားရှိရေးသည် ကျွန်တော်တို့အဖို့ အရေးကြီးပါတယ်။

ရွှေနေချုပ်။ ။ခင်ဗျားတို့အားလုံးသဘောကာဘယ်လိုပါလဲ။

ကျန်လူကြီးများ။ ။ကျွန်တော်တို့အားလုံး ယခုပြောသည့်အတိုင်း သဘောတူပါတယ်။ ကျွန်တော်တို့အားလုံး အစည်းအဝေးလုပ်ပြီးသည့်အတိုင်း ဆုံးဖြတ်ခဲ့ပါတယ်။

ဖိုးလတ်၊
အတွင်းရေးမှူး။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၉၊ ကယားပြည်နယ်ဝန်ကြီးဌာန၊ ၇-၇-၅၅—၁,၀၀၀—ဂ



Collected and scanned by Shay Reh
(KnCC internship at Kantarawaddy Times -December 2011)